# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၅)၊ အမှတ်(၃၄၇)



ဒုတိယသမ္မတ ဦးညိုစောနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

နန်နင်း စက်တင်ဘာ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ် စ ရာ**

Myanmar Auto & Parts Expo 2026 ကားပြပွဲ ရန်ကုန်မြို့၌ သုံးရက်ကြာကျင်းပမည်
ပြည်တွင်းသတင်း စာ ၅

ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်
ဆောင်းပါး စာ ၆

နိုင်ငံတော် ရွှေသီးဖို့ ဆန်စပါး တန်ဖိုးကွင်းဆက်တစ်လျှောက် ကုန်သွယ်မှု အကျိုးအမြတ်အား မြှင့်တင်စို့
ဆောင်းပါး စာ ၁၀

Starship ဒုံးပျံကို ကမ္ဘာပတ်လမ်းကြောင်းသို့ ပထမဆုံးအကြိမ် လွှတ်တင်ရန် SpaceX ရည်မှန်း
နိုင်ငံတကာသတင်း စာ ၁၄

## ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ စက်တင်ဘာ ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့ ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ စက်တင်ဘာ ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## စက်သုံးဆီအရောင်းဆိုင်များတွင် QR Code/ Barcode ဖြင့် Scan ဖတ်ရောင်းချရာ၌ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုမရှိသည့်အရောင်းဆိုင်များအား စိစစ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၆

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်များ၏ QR Code/ Barcode ကို Scan ဖတ်၍ ရောင်းချရသည့်ပမာဏကို အခြေခံ၍ စက်သုံးဆီဝယ်ယူခွင့် (PO)များ ခွဲဝေပေးခြင်း၊ ထပ်မံလိုအပ်လာပါကလည်း စိစစ်ခွင့်ပြုပေးခြင်းနှင့် ယင်းသို့ ရောင်းချနေမှု အခြေအနေများကိုလည်း

*စာမျက်နှာ ၃ ကော်လံ ၅* ❖



## အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့်သံတမန်ဆက်ဆံရေး၊ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုလျက် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံကူးလက်မှတ်အမှတ်၊ ၅၆၅၄၈၄၄၉ ကိုင်ဆောင်သူ အမေရိကန်နိုင်ငံသား Adam Michael Castillo အား ပြည်နှင်စေလွှတ်ခဲ့သည်။

အဆိုပါ အမေရိကန်နိုင်ငံသား Adam Michael Castillo သည် The American Chamber of Commerce in Myanmar (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ကုန်သည် ကြီးများအသင်း)၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ ကန့်သတ်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့သဖြင့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၆၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်လှစ် အရေးယူထားရှိသည့် အမှုမှတရားခံဖြစ်ပြီး ၎င်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ရှေးရှုလျက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

## ရေကြည်မြို့နယ်ရှိ ရေလွှမ်းလယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး ထွန်စက်ငါးစီးဖြင့် ထွန်ယက်မှုစတင်

ရေကြည် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ရေလွှမ်းခဲ့သည့် လယ်မြေများတွင် ရေပြန်လည်ကျဆင်းခဲ့သဖြင့် မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်ရှိ တောင်သူ ဦးမောင်မောင်အေး၏ လယ်မြေ ၁၀ ဒသမ ၆၂ ဧကတွင် ထွန်စက်ငါးစီးဖြင့် ထွန်ယက်မှုကို ယနေ့စတင်ကြောင်း သိရသည်။

အဆိုပါ လယ်မြေတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁၇) စက်မှုလယ်ယာစခန်း (ရေကြည်) မှ ထွန်စက်ငါးစီးဖြင့် ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ရေလွှမ်းခဲ့သည့် လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး

*စာမျက်နှာ ၃ ကော်လံ ၅* ❏



# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

◆ *ရှေ့ဖုံးမှ*

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာတင်းရွှယ်ရှန်နှင့် နန်နင်းမြို့ လိယွမ်နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံကာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိစဉ် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးခဲ့မှုများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်မှ စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှုအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစောသည် လိယွမ်နိုင်ငံတကာ ကွန်ဖရင့်စင်တာ၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ပုလဲဧကရီခန်းမ၌ ကျင်းပသည်။(ယာပုံ)



အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သော “ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ အိုဇုန်းလွှာ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့နှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဆုများပေးအပ်ကြပြီး အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မော်လမြိုင် စက်တင်ဘာ ၁၆**

၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးပြီး ရုံးဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဝန်ထမ်းများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာ စကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)တွင် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်ပေးနေမှု၊ သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများကို ကြည့်ရှုစစ်ဆေးသည်။



ယမန်နေ့ကလည်း ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကို ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဘားအံမြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကော့ကလောက် – ကော့နိုင်ခလုံး ကျေးရွာချင်းဆက်လမ်းပေ ၃၈၄၀ ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရောဝတီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးဌာနမှူး ဦးခင်မောင်သန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

Online Monitoring Center မှ စောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

QR Code/ Barcode ဖြင့် Scan ဖတ်ရောင်းချမှုများကို မှန်ကန်မှုရှိစေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များသို့ အမှန်တကယ်လာရောက်ဝယ်ယူသည့် ယာဉ်များကိုသာ Scan ဖတ်ရောင်းချရန်နှင့် မသမာသောနည်းလမ်းဖြင့် QR Code/ Barcode ရောင်းအားမြင့်တက်စေရန် ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာအရောင်းဆိုင်၊ လုပ်ငန်းရှင်နှင့် ကုမ္ပဏီများသို့ ကြိုတင်အသိပေး အကြောင်းကြားထားရှိပြီးဖြစ်သည်။

သို့သော် အချို့သောအရောင်းဆိုင်များသည် မူရင်း QR Scan ဖတ်ခြင်းမပြုလုပ်ဘဲ ယာဉ်နံပါတ်များအား ရိုက်ထည့်၍ စက်သုံးဆီဝယ်ယူခွင့်(PO) ပိုမိုရရှိစေရေးဆောင်ရွက်နေကြောင်း Control Centre မှ စစ်ဆေးတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သည့် အရောင်းဆိုင် ၂၀ အား စက်သုံးဆီဝယ်ယူခွင့်(PO) ပမာဏလျှော့ချခြင်း၊ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ ပြင်းထန်စွာသတိပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

စက်သုံးဆီဖြန့်ဖြူးရောင်းချမှု စနစ်တကျဖြစ်စေရေးအတွက် နည်းပညာဖြင့်ထိန်းချုပ်နေခြင်းဖြစ်ရာ ဌာနအနေဖြင့် Control Centre မှစောင့်ကြည့်စစ်ဆေးနေသကဲ့သို့ နည်းပညာအဆင့်မြှင့်တင်ခြင်းကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

အလားတူဖြစ်စဉ်မျိုး ထပ်မံတွေ့ရှိလာပါက စက်သုံးဆီအရောင်းဆိုင်အား အမြဲတမ်းပိတ်သိမ်းပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏အရောင်းဆိုင်များအား စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က တနိုင်းမြို့ အလက(ခွဲ)ကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြသောင်းနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၁၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများ ပေးအပ်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ခန်းမ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးတို့နှင့်အတူ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့ပြင် ပြိုင်ပွဲဝင်များ၏ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့အတူ မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ အတီးပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှု၊ အဆိုပါကောလိပ် ဗညားဆောင်၌ အရေးပြိုင်ပွဲယှဉ်ပြိုင်နေမှု၊ အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမ၌ (အခြေခံပညာ)အဆင့် အဆိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ဘာသာရပ် လေးမျိုး၊ ပြိုင်ပွဲဝင် ၂၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် စက်တင်ဘာ ၁၆**


ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၀ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




## နီဂါတာ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ U-17 အသင်း အာရှနှင့် သမုဒ္ဒရာပိုင်းဒေသ ထိပ်တန်းအသင်းများနှင့် ယှဉ်ပြိုင်ရမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ နီဂါတာမြို့၌ စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် နိုင်ငံတကာ လူငယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ U-17 အမျိုးသားလက်ရွေးစင်အသင်းသည် ဂျပန်နိုင်ငံသို့ ရောက်ရှိနေပြီး လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ပတ်လည်စနစ်ဖြင့်ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် မြန်မာ U-17 အသင်းနှင့်အတူ အိမ်ရှင်ဂျပန် U-17၊ နီဂါတာ လက်ရွေးစင်အသင်းနှင့် လာမည့် ၂၀၂၆ U-17 ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နယူးဇီလန် U-17 အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။




မြန်မာ U-17 အသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အာရှနှင့် သမုဒ္ဒရာပိုင်းဒေသ ထိပ်တန်းအသင်းများနှင့် တိုင်းတာယှဉ်ပြိုင်နိုင်မည့် အခွင့်အရေးကောင်းတစ်ရပ် ရရှိထားသည့်အပြင် ထူးခြားချက်အနေဖြင့် အိမ်ရှင်ဂျပန် U-17 အသင်းအတွက် ပိုမိုမြင့်မားသည့် စိန်ခေါ်မှုရရှိစေရန် မြန်မာအသင်း၌ U-19 ကစားသမား ငါးဦးအထိ ပေါင်းစပ်ပါဝင်ကစားရန် ပြိုင်ပွဲကျင်းပရေး ကော်မတီဘက်မှ အဆိုပြုဖိတ်ကြားထားသည်။

မြန်မာ U-17 အသင်းသည် စက်တင်ဘာ ၁၇ ရက်၊ ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် ပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

## တောင်ငူခရိုင်၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**တောင်ငူ စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ်ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့မအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ ကမ္ဘာ့ကုလသမဂ္ဂမှ ပေးပို့လာသော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသကာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး အသိပညာပေးနံရံကပ်စာစောင်နှင့် ပြခန်းအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ ၂၀၂၆ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၆**

စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ၂၀၂၆ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ မဇ္ဈူသကခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲ(ခရိုင်အဆင့်ပြိုင်ပွဲ)တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**




## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ရေသောက်စနစ်များအတွင်း မြေအောက်ရေ ဖြည့်တင်းနိုင်စွမ်း (Groundwater Recharge) ကို သုတေသနပြု၍ ထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၆**

ရေသောက်စနစ်များအတွင်း မြေအောက်ရေ ဖြည့်တင်းနိုင်စွမ်း (Groundwater Recharge) ကို သုတေသနပြု၍ ထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ယမန်နေ့က ပျော်ဘွယ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိရုံး၌ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တာဝန်ခံများနှင့် တွေ့ဆုံစဉ် မှာကြားသည်။



ထို့မှတစ်ဆင့် ပျော်ဘွယ်မြို့နယ်ရှိ ကျောက်ဆည်ကန်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက နှစ်အလိုက် တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များ၊ မူလတမံအမြင့်အတိုင်း ပြုပြင်ဆောင်ရွက်မည့် အစီအစဉ်များ၊ ရေတံခါးတပ်အကူ ရေပိုလွှဲ တည်ဆောက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြမှု အပေါ် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ တက်ရောက်လာသော ဒေသခံတောင်သူများ တင်ပြလာသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျောက်ဆည်ကန်သည် တမံပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှု ပြီးစီးမှုမရှိသေးသော်လည်း မိုးစပါး ၉၈၃ ဧကနှင့် မိုးအခြားသီးနှံ ၃၀၄ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

အဆိုပါခရီးစဉ်အတွင်း ရမည်းသင်းခရိုင်အတွင်းရှိ ကျီးနီကန်ရေသိုလှောင်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျီးနီကန်အတွင်း ဝင်ရောက်နေသည့် နုန်းများ ဆယ်ယူနိုင်ရေး၊ နုန်းဖမ်းတမံများ တည်ဆောက်နိုင်ရေး၊ မူလစိစစ်ဧကများအတိုင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေပမာဏအတိုင်း ပေးဝေနိုင်ရေး၊ စိုက်ပျိုးရေ ပိုမိုတိုးတက်ရရှိရေးနှင့် ကုန်းမြင့်ဒေသများသို့ အနိမ့်တင်ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့ပြင် ကတင်ကန် အမှတ်(၃)မြောင်း၊ လက်တန်ခွဲ(၂) မြောင်းဆုံးမြောင်းဖျားရေရရှိရေး အခြေအနေ၊ အင်ကြင်းကန်ကျေးရွာအုပ်စုရှိ ၂၀၂၆-၂၀၂၇ မိုးစပါး မျိုးစေ့ထုတ် ဧက ၅၀ စံပြကွက် စိုက်ပျိုးထားရှိမှု၊ ကျီးနီကန်အမှတ်(၃)မြောင်းမှ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်က မြို့တော်ခန်းမ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးက အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေး ဗီဒီယိုတို့ကို ပြသသည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ပန်းချီ၊ စာစီစာကုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က ဆုများချီးမြှင့်ပေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မင်းကင်းမြို့နယ်၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့်အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မင်းကင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကုသရေးဦးစီးဌာနမှ မင်းကင်းမြို့နယ် အင်ကြင်းတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့်အသိပညာ ပေးခြင်းကို ယနေ့နံနက်ပိုင်းက ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်ဝေယံနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၈၂ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျင်ငိုက်မန်(ပြန်/ဆက်)**



# Myanmar Auto & Parts Expo 2026 ကားပြပွဲ ရန်ကုန်မြို့၌ သုံးရက်ကြာ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

ဒုတိယအကြိမ် Myanmar Auto & Parts Expo 2026 ကားပြပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗန်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း Silver Sea International မှပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲအခမ်းအနားမှ သိရသည်။

ပြပွဲတွင် ကားအတွက် လိုအပ်သည့် တာယာ၊ အင်ဂျင်ဝိုင်နှင့် အခြားသော ကားအပိုပစ္စည်းများကို ပြည်တွင်းပြည်ပကုမ္ပဏီများမှ ပြသသွားမည်ဖြစ်ပြီး ပစ္စည်းမိတ်ဆက်၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် Brand New ကားများပါ ပြသသွားမည်ဖြစ်ကာ အိမ်စီးကား၊ လုပ်ငန်းသုံးကား၊ ဆီကား၊ EV ကား အစုံကို လက်ငင်း၊ အရစ်ကျစနစ် နှစ်မျိုးလုံးဖြင့် တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် Automotive Aftermarket & SmartMobility နယ်ပယ်မှ ကုမ္ပဏီ ၁၅ ခု ပါဝင်မိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## ရတနာသစ်တော၊ ပြည့်သွေးကြော သစ်တောရတနာ၊ ထိန်းသိမ်းပါ

# ကျိုက်မရောမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေး

**ကျိုက်မရော စက်တင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့ အမက (မူလွန်)ကလိုင်းကနိုင်ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန် စာဖတ်သည့်အလေ့အကျင့် ပြုစုပျိုးထောင်ကြရန်လိုအပ်ကြောင်း ဟောပြောပြီး မြို့နယ်ဥပဒေအရာရှိက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူ အကာကွယ်ပေးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူးက တစ်ကိုယ်ရေသန့်ရှင်းရေးအချက် ရှစ်ချက်ကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**



# ဝရမ်းပြေး ကျော်မိုးထွန်း ရဲ့ သရုပ်အမှန်

မင်းခန့်

မကြာမီကာလအတွင်း ကုလသမဂ္ဂရဲ့ ခန့်အပ်လွှာ စိစစ်ရေးကော်မတီ (Credentials Committee) က ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေရဲ့ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးများ ခန့်အပ်ဖို့အတွက် ပြန်လည်သုံးသပ် စိစစ်ဆုံးဖြတ်တော့မှာ ဖြစ်ပါတယ်။

အဲဒီသံအမတ်ကြီးရာထူးနေရာဟာ သက်ဆိုင်ရာ နိုင်ငံအစိုးရများက အမည်စာရင်းတင်သွင်းသူကို အဖွဲ့ဝင် (၉) နိုင်ငံပါတဲ့ Credentials Committee က အရည်အချင်း စိစစ်ရွေးချယ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အတည်ပြုခန့်အပ်တဲ့ ရာထူးဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် သံအမတ်ကြီးရာထူးနေရာအတွက် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကြောင့် ကိုယ်စားပြုခွင့်ရှိသူကို ဆိုင်းငံ့ (Deferral) ထားခံရပါတယ်။ ဒါပေမယ့်လည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက NLD အစိုးရ ခန့်အပ်ထားတဲ့ ကျော်မိုးထွန်း ဟာ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်း Rule–29 အရ မြန်မာနိုင်ငံအတွက် တရားဝင်ကိုယ်စားပြုခွင့်မရှိပေမယ့် ကုလသမဂ္ဂထိုင်ခုံနေရာက ဖယ်ရှားခြင်းမပြုသေးလို့ လက်ရှိကုလသမဂ္ဂမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သဘောမျိုးနဲ့ ရပ်တည်လှုပ်ရှားနေတာ မြင်တွေ့နေရပါတယ်။

၂၀၂၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဧပြီလအထိ နိုင်ငံ့တာဝန်ယူခဲ့တဲ့ နိုင်ငံတော်အစိုးရကို နိုင်ငံရေးအရ အသိအမှတ်ပြုမှု (Political Legitimacy) အရ အငြင်းပွားခဲ့ကြလို့ NLD အစိုးရက ခန့်အပ်တဲ့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်း ဟာ ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ မြန်မာနိုင်ငံကိုယ်စားပြုနေသလိုမျိုး ထင်ယောင်ထင်မှား လှုပ်ရှားခွင့်ရနေခြင်း ဖြစ်ပါတယ်။

အခုလာမယ့် (၈၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း ကျင်းပမယ့် Credentials Committee အစည်းအဝေးမှာတော့ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး နေရာအတွက် လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုမဲ့သူကို အသိအမှတ်ပြုမလား၊ ယခင်နှစ်များအတိုင်း မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ဆုံးဖြတ်ဖို့ ထပ်မံရွှေ့ဆိုင်းမလား၊ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်နေရာကို အလွတ်ထားမလားဆိုတာ Credentials Committee အဖွဲ့ဝင် နိုင်ငံတွေ ဆုံးဖြတ်ရတော့မှာဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း Credentials Committee အဖွဲ့ဝင်နိုင်ငံများအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ သိသင့်တဲ့ သံအမတ်ကြီးဟောင်း ဝရမ်းပြေး ကျော်မိုးထွန်း ရဲ့ သရုပ်အမှန်ကို အချက် ၃ ချက် ရှင်းလင်းချပြပြီး ပြည်သူများရဲ့ တရားဝင်တောင်းဆိုမှုများနဲ့ ဆန္ဒများကို ထုတ်ဖော်သွားမှာ ဖြစ်ပါတယ်။


**ပထမဆုံးအချက်ကတော့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်း ဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများအရ အရေးယူခံထားရတဲ့ သစ္စာဖောက် ဝန်ထမ်း၊ ဝရမ်းပြေး တစ်ဦး ဖြစ်ပါတယ်။ သူ့ကို အရေးယူထားတဲ့ပုဒ်မများဟာ နိုင်ငံရေးပုဒ်မများ မဟုတ်ဘဲ နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်လို့ ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂) အပါအဝင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က တို့အရ ဖမ်းဝရမ်း ထုတ်ထားခြင်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်တစ်ဦးအနေနဲ့ နိုင်ငံတော်ကပေးအပ်တဲ့ အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ တရားမဝင်အဖွဲ့အစည်းကို သစ္စာခံ ကိုယ်စားပြုလှုပ်ရှားမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်(Dismissal)ခံထားရသူဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ) တို့အရ ထပ်မံတရားစွဲဆိုထားပြီး ဖြစ်ပါတယ်။**

အဲဒီလို ရာဇဝတ်ပြစ်မှုတွေနဲ့ ဖမ်းဝရမ်းထုတ်ခံထားရတဲ့ ဝရမ်းပြေး ကျော်မိုးထွန်း ဟာ နယူးယောက်မြို့မှာရှိတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအဖွဲ့ရုံးပိုင် နိုင်ငံတော်ဘဏ္ဍာငွေတွေကိုလည်း ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း စုံစမ်းသိရှိရပါတယ်။ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးအတွက် ရုံးအသုံးစရိတ်တွေကို မြန်မာအစိုးရအဆက်ဆက်က သံရုံးပိုင် ငွေစာရင်းအဖြစ် နယူးယောက်မြို့ရှိ Bank of America မှာ အပ်နှံထားရှိပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ဘဏ်ငွေစာရင်းမှာ ၂ ဒသမ ၇၆ သန်းနဲ့ ယူရိုငွေ သုံးသောင်း ရှစ်ထောင်ကျော် ကျန်ရှိပြီး အဲဒီငွေများ ထုတ်ယူသုံးစွဲရန် Bank of America ရဲ့ စည်းမျဉ်းအရ သံအမတ်ကြီးဆိုတဲ့အမည်နဲ့ အခြားသူတစ်ဦး ပေါင်း နှစ်ဦးနဲ့ Joint Account ဖွင့်လှစ်ထားရှိတယ်လို့ ကြားသိရပါတယ်။

အကြံသမား ကျော်မိုးထွန်း ဟာ Joint Account ထဲမှာရှိတဲ့ နိုင်ငံတော်ဘဏ္ဍာငွေကြေးတွေကို ကိုယ်ကျိုးအတွက် အသုံးပြုနိုင်ဖို့ Bank ရဲ့ စည်းမျဉ်းနဲ့ သံအမတ်ကြီးအခွင့်အာဏာကို အသုံးချပြီး ပူးတွဲလက်မှတ်ရေးထိုးသူကိုဖယ်ရှားကာ သူတစ်ဦးတည်း ငွေထုတ်ယူနိုင်အောင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီငွေစာရင်းထဲမှာရှိတဲ့ ငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာငွေတွေဖြစ်ပြီး မြန်မာအဖွဲ့ရုံးရဲ့ အသုံးစရိတ်တွေ ဖြစ်ပါတယ်။ ကိုယ်ရေးကိုယ်တာအတွက် သုံးခွင့်မရှိသလို နိုင်ငံတော်ဘဏ္ဍာဖြစ်တာနဲ့အညီ နှစ်စဉ် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ ငွေစာရင်းစစ်ဆေးခံရမှာ ဖြစ်ပါတယ်။ အဲဒီငွေတွေကို ဝရမ်းပြေး ကျော်မိုးထွန်း အနေနဲ့ စာရင်းမရှိအင်းမရှိအလွဲသုံးစားပြုလုပ်ထားမှုကြောင့် Bank of America Account ထဲမှာ လက်ကျန်အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရှိရပါတယ်။

ဒါ့ကြောင့် ရာဇဝတ်မှုအရ တရားခံပြေးဖြစ်နေတဲ့ သစ္စာဖောက် ကျော်မိုးထွန်း ဟာ နိုင်ငံတော်ဘဏ္ဍာတွေကို အလွဲသုံးစားပြုလုပ်တဲ့ပြစ်မှုကိုလည်း ကျူးလွန်ထားသူဖြစ်ပါတယ်။ အဲဒီ ငွေကြေးဆိုင်ရာပြစ်မှုဟာ နိုင်ငံတော်ဘဏ္ဍာကို စီမံခန့်ခွဲတဲ့လုပ်ငန်းစဉ်မှာ ဘဏ္ဍာငွေကြေးတွေ ထိခိုက်ဆုံးရှုံးစေခြင်းဖြစ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃(က) အရ အဂတိလိုက်စားမှုမြောက်နိုင်ဖွယ်ရာ ရှိနေပါတယ်။

ဒါ့ကြောင့် ဒီလိုကိုယ်ကျင့်တရားပျက်ပြားနေတဲ့ အဂတိသမား၊ ဝရမ်းပြေးတစ်ဦးကို ကုလသမဂ္ဂ စင်မြင့်ထက်မှာ လှုပ်ရှားခွင့်၊ ရပ်တည်ခွင့်မပြုသင့်ကြောင်း Credentials Committee ကို တောင်းဆိုချင်ပါတယ်။




လူမှုကွန်ရက်ပေါ်တွင် တွေ့ရှိရသည့် ဝရမ်းပြေး ကျော်မိုးထွန်း သတင်း

> **လတ်တလောမှာ သူ့ကို ကုလသမဂ္ဂအသိုင်းအဝိုင်းကနေ ဖယ်ရှားမခံရရေးအတွက် နိုင်ငံတကာရောက် မြန်မာတချို့က လူထုထောက်ခံပွဲတွေပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကလည်း သူ့ရဲ့ ရာဇဝတ်ပြစ်မှုများ၊ ငွေကြေးအရှုပ်တော်ပုံများနဲ့ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ သူ့မိသားစုတွေကို အကာအကွယ်ရဖို့အတွက် ပြည်ပနိုင်ငံတွေမှာရှိတဲ့ NUG အားပေးထောက်ခံသူတွေနဲ့ပြုလုပ်မယ့် လူထုထောက်ခံပွဲ အမည်ခံ အကြမ်းဖက်အားပေးလှုံ့ဆော်ပွဲသာ ဖြစ်ပါတယ်။ သူ့ကို ထောက်ခံမယ့်သူအများစုဟာ မြန်မာနိုင်ငံအစိုးရအဆက်ဆက် ပြည်ပနိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေထိုင်ကြသူတွေဖြစ်ပြီး လက်ရှိအစိုးရအပေါ် အမြင်မကြည်သူများသာ ဖြစ်ပါတယ်**

အကြံသမား ကျော်မိုးထွန်း ဟာ နိုင်ငံတော်ကို သစ္စာဖောက်ပြီး အဖွဲ့ရုံးပိုင်ငွေကြေးနဲ့ အမေရိကန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့ နေထိုင်ဖို့ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ မြန်မာအဖွဲ့ရုံးပိုင်ငွေစာရင်းကို သူတစ်ဦးတည်းသဘောနဲ့ ထုတ်ယူသုံးစွဲလို့ရအောင် လုပ်ဆောင်ခဲ့သလို သူ့မိသားစုကိုလည်း သူနဲ့အတူနေနိုင်ဖို့ သူ့ရဲ့မိဘနဲ့ မိသားစုဝင်တွေကို အောက်လမ်းကနေ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခွင့်ရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။

ဒါ့အပြင် နယူးယောက်မှာ သူ့ရဲ့ ရုံးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက သစ္စာဖောက်ဝန်ထမ်း (DCS) လုပ်ခဲ့သူများဖြစ်တဲ့ ဝါရှင်တန်မြို့ရှိမြန်မာသံရုံးက ယခင်ဒုတိယအတွင်းဝန် စုစုအောင်၊ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှာရှိတဲ့ မြန်မာသံရုံးက ယခင်ဒုတိယအတွင်းဝန် ကောင်းထက်နဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာရှိတဲ့ မြန်မာသံရုံးက သံရုံးစာရေးမ ဇွန်ဆုမွန်ဦး တို့ကိုလည်း အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ခွင့်ရအောင် လုပ်ပေးခဲ့ပြီး သူ့ရဲ့လက်ထောက်များအဖြစ် အသုံးပြုထားကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် သူ့မိသားစုဝင်တွေနဲ့ လက်ထောက်များဟာ ဒုက္ခသည်များအဖြစ် ဟန်ဆောင်ပြီး တရားမဝင်လမ်းကြောင်းများမှ အမေရိကန်ပြည်ထောင်စုသို့ဝင်ရောက်နေထိုင်သူများ ဖြစ်ကြပါတယ်။

**လတ်တလောမှာ သူ့ကို ကုလသမဂ္ဂအသိုင်းအဝိုင်းကနေ ဖယ်ရှားမခံရရေးအတွက် နိုင်ငံတကာရောက်မြန်မာတချို့က လူထုထောက်ခံပွဲတွေပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကလည်း သူ့ရဲ့ ရာဇဝတ်ပြစ်မှုများ၊ ငွေကြေးအရှုပ်တော်ပုံများနဲ့ အမေရိကန်နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်နေတဲ့ သူ့မိသားစုတွေကို အကာအကွယ်ရဖို့အတွက် ပြည်ပနိုင်ငံတွေမှာရှိတဲ့ NUG အားပေးထောက်ခံသူတွေနဲ့ပြုလုပ်မယ့် လူထုထောက်ခံပွဲအမည်ခံ အကြမ်းဖက်အားပေးလှုံ့ဆော်ပွဲသာ ဖြစ်ပါတယ်။ သူ့ကို ထောက်ခံမယ့်သူအများစုဟာ မြန်မာနိုင်ငံအစိုးရအဆက်ဆက်ပြည်ပနိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေထိုင်ကြသူတွေဖြစ်ပြီး လက်ရှိအစိုးရအပေါ် အမြင်မကြည်သူများသာ ဖြစ်ပါတယ်။**

အဲဒီသူတွေဟာ နိုင်ငံရေးယုံကြည်ချက်အရ လှုပ်ရှားကြခြင်းထက် သူတို့ရောက်ရှိရာနိုင်ငံမှာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြပြီး အနေချောင်အောင် ထောက်ပံ့ကြေးနဲ့ အလှူငွေ ရရှိအောင် နိုင်ငံရေးအရေခြုံ လုပ်စားနေကြတဲ့သူ အများစုဖြစ်ကြပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ လူထုထောက်ခံပွဲဆိုတာ ပြည်တွင်းက တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ မြန်မာပြည်သူအများစုကို ကိုယ်စားပြုခြင်းမရှိသလို ကျော်မိုးထွန်း ကို ပုဂ္ဂိုလ်ရေးအရ အကာအကွယ်ပေးချင်လို့ သူတို့ရဲ့ လုပ်နေကျပုံစံအတိုင်း လူနည်းနည်းစုပြီး သတင်းမီဒီယာမှာ ဓာတ်ပုံပြနိုင်အောင်လုပ်မယ့် အတုအယောင် ထောက်ခံပွဲသာ ဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်ရာထူးနေရာဆိုတာ သက်ဆိုင်ရာနိုင်ငံအစိုးရက ခန့်အပ်ရတဲ့ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရတဲ့နေရာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာရမယ့် ကျင့်ဝတ်နဲ့ လုပ်ထုံးလုပ်နည်းတွေကို ဖောက်ဖျက်ပြီး ပုဂ္ဂိုလ်ရေးခံယူချက်၊ အစွန်းရောက် နိုင်ငံရေးယုံကြည်ချက်နဲ့ ကိုယ်ကျိုးစီးပွားအတွက် သံတမန်အခွင့်အရေး ရယူလှုပ်ရှားနေသူကို ကုလသမဂ္ဂအနေဖြင့် လက်မခံသင့်ကြောင်း တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူများက တောင်းဆိုနေခြင်းဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

**မြန်မာပြည်သူတွေရဲ့ တောင်းဆိုချက်ဟာ ဝရမ်းပြေး ကျော်မိုးထွန်း ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ပြီး ကုလသမဂ္ဂအနေနဲ့ အလိုအလျောက် ဖယ်ရှားပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ** UN Credentials Committee **ရဲ့ ဆိုင်းငံ့** (Deferral) **ထားခြင်းကို ယခုနှစ်မှာ ပြန်လည် စိစစ်သုံးသပ်ပြီး လက်ရှိပကတိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံ့ အုပ်ချုပ်ရေးယန္တရားကို လည်ပတ်နေတဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုထားတဲ့ နိုင်ငံကိုယ်စားပြုသံအမတ်ကြီးကို တရားဝင် ခန့်အပ်ခွင့်ပြုဖို့** Credentials Committee **မှာ ပါဝင်လာမယ့် နိုင်ငံတွေကို ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ဆောင်ပေးရန် အရေးပေါ်တောင်းဆိုခြင်းသာ ဖြစ်ပါတယ်**

*စာမျက်နှာ ၆ မှ*

ဒီတောင်းဆိုချက်ဟာ သူ့ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်နေခြင်း မဟုတ်သလို ကုလသမဂ္ဂအနေနဲ့ ဖမ်းဆီးအပြစ်ပေးဖို့ တောင်းဆိုနေခြင်း မဟုတ်ပါဘူး။ နိုင်ငံတစ်ခုရဲ့ တည်ဆဲဥပဒေတွေချိုးဖောက်ပြီး ငွေကြေးလိမ်လည်မှုများ ကျူးလွန်ထားသူတစ်ဦးဟာ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့မထိုက်တန်လို့ သူ့ကို အမြန်ဆုံးဖယ်ရှားပေးရန် တောင်းဆိုနေခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ရွေးချယ်မှဲ့ လုပ်ထုံးလုပ်နည်း Rule-27 ၊ Rule-29 များအရ သံအမတ်ဟောင်း ကျော်မိုးထွန်း မကိုက်ညီတော့တဲ့ အချက်ကို ရှင်းပြလိုပါတယ်။

Rule-27 အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက မိမိတို့နိုင်ငံရဲ့ ကိုယ်စားလှယ်ကို ခန့်အပ်ပေးဖို့ Credentials ကို နိုင်ငံတော်အကြီးအကဲ (Head of State)၊ အစိုးရအကြီးအကဲ (Head of Government) သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံ တင်ပြရပါတယ်။ အဲဒီစည်းမျဉ်းအရ သံအမတ်ဟောင်း ကျော်မိုးထွန်း ကို ၂၀၂၀ ပြည့်နှစ် အဲဒီအချိန်က NLD အစိုးရက ခန့်အပ်ဖို့ အမည်စာရင်းတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အခု ၂၀၂၆ ခုနှစ်မှာတော့ သူ့ကို ခန့်အပ်ခဲ့တဲ့ NLD အစိုးရ မရှိတော့သလို သူ့ရဲ့ ကိုယ်စားပြုမှုက မြန်မာနိုင်ငံ အတွက်မဟုတ်ဘဲ အစိုးရမဟုတ်တဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုနေတာ ထင်ရှားလှပါတယ်။

Credentials Committee ရဲ့ လွန်ခဲ့တဲ့ ၅ နှစ်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကြောင့် ကုလသမဂ္ဂမှာ ရှိနေတဲ့ မြန်မာအဖွဲ့ရုံးမှာ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး တရားဝင်ခန့်အပ်နိုင်ခြင်းမရှိလို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံကိုအုပ်ချုပ်နေတဲ့ အစိုးရတစ်ရပ်ရဲ့ မူဝါဒတွေကို ကုလသမဂ္ဂမှာ တင်ပြခွင့်ဆုံးရှုံးနေရသလို မြန်မာပြည်သူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီရရှိရေးကိစ္စတွေကိုလည်း ကုလသမဂ္ဂနဲ့ပူးပေါင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်မဲ့ အခွင့်အရေးများ ဆုံးရှုံးလျက်ရှိနေပါတယ်။

ဒါ့ကြောင့် Credentials Committee အနေဖြင့် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုဆုံးဖြတ်ရန် ဆက်လက်ဆိုင်းငံ့ထားခြင်းကို အဆုံးသတ်ပြီး Rule-29 အရ ဖယ်ရှားခြင်းမပြုသေးတဲ့ ဝရမ်းပြေး ကျော်မိုးထွန်း ကို ဖယ်ရှားပေးဖို့နဲ့ Rule-27 အရ ရွေးကောက်ခံ အစိုးရအဖွဲ့ရဲ့ အကြီးအကဲက အဆိုပြုသူကိုသာ ခန့်အပ်ပေးဖို့ တောင်းဆိုလိုပါတယ်။

တတိယအချက်ကတော့ တရားမဝင်အကြမ်းဖက်အဖွဲ့ကို ထောက်ခံအားပေးနေသူတစ်ဦးကို ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်မထားသင့်တဲ့ အချက်ဖြစ်ပါတယ်။ ဒီအချက်ကတော့ ဝရမ်းပြေး ကျော်မိုးထွန်း ကိုယ်စားပြုရပ်တည်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကအသိအမှတ်ပြု မပြုဆိုတာက အရေးကြီးတဲ့ ရှုမြင်ချက်ဖြစ်မယ်ထင်ပါတယ်။ ရှင်းလင်းစွာ သိစေလိုတာကတော့ NUG အဖွဲ့ကို ကုလသမဂ္ဂ အနေနဲ့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ နိုင်ငံတကာအကြမ်းဖက် နှိမ်နင်းရေးအဖွဲ့အစည်းများက စောင့်ကြည့်ခံနေရတဲ့ NUG အဖွဲ့ကို သံအမတ်ဟောင်း ကျော်မိုးထွန်း က ကုလသမဂ္ဂစင်မြင့်ထက်မှာ သံတမန်ကင်းလွတ်ခွင့် (Diplomatic Immunity) ရယူပြီး ပေါ်ပေါ်တင်တင် ထောက်ခံရပ်တည်ခွင့် မပေးသင့်ကြောင်း အထောက်အထားများဖြင့် တောင်းဆိုနေခြင်း ဖြစ်ပါတယ်။

Member State တစ်ခုက တည်ဆဲဥပဒေများနှင့်အညီ တရားမဝင် အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကို ထုတ်ပြန်ထားတဲ့ NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်လုပ်ရပ်များကို ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များကို စောင့်ကြည့်မှတ်တမ်းတင်နေတဲ့ Global Terrorism Trends and Analysis Center ရဲ့ အကြမ်းဖက်မှုအညွှန်းကိန်း အစီရင်ခံစာများမှာ အဲဒီ NUG အဖွဲ့နဲ့ PDF အဖွဲ့များရဲ့ အကြမ်းဖက်မှတ်တမ်းများကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကုလသမဂ္ဂအနေနဲ့ NUG အကြမ်းဖက်အဖွဲ့ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု မထားသလို Terrorist Organization အဖြစ်လည်း မသတ်မှတ်ထားပေမဲ့ NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက သူတို့ကို မထောက်ခံတဲ့ အပြစ်မဲ့ပြည်သူတွေကို ငါနဲ့မတူ ငါ့ရန်သူ အယူအဆဖြင့် ဒလန်အမည်တပ်ပြီး ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုတွေ၊ တော်လှန်ရေး အမည်ခံပြီး စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံ၊ လမ်းတံတားဖျက်ဆီးမှုတွေနဲ့ NUG အဖွဲ့ရဲ့ အဓိကဦးတည်ချက်ဖြစ်တဲ့ ပြည်တွင်းတည်ငြိမ်မှု ပျက်ပြားစေရေးအတွက် ချမှတ်ထားတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်မှုများကို ကုလသမဂ္ဂအပါအဝင် Credentials အဖွဲ့ဝင်နိုင်ငံများ သိရှိမြင်တွေ့ကြပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် ကုလသမဂ္ဂမှာ မြန်မာနိုင်ငံ (State) နဲ့ မြန်မာအစိုးရ (Government) ကို ကိုယ်စားပြုခွင့် မရှိတဲ့ ဝရမ်းပြေးသံအမတ်ဟောင်း တစ်ယောက်က လက်သုံးချောင်းထောင်ပြီး နိုင်ငံတကာ အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့တွေက စောင့်ကြည့်ခံနေရတဲ့ NUG အကြမ်းဖက်အဖွဲ့ကို ပြောင်ပြောင်တင်းတင်း ထောက်ခံ ရပ်တည်လှုပ်ရှားခွင့် ပြုနေခြင်းကို Credentials Committee အနေဖြင့် ပြန်လည် စဉ်းစားသုံးသပ်သင့်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။

ရိုးသားစွာ အသိပေးလိုတဲ့အချက်ကတော့ ဝရမ်းပြေး ကျော်မိုးထွန်း ကို ဖယ်ရှားခြင်းမပြုတဲ့ အခြေအနေဟာ ကုလသမဂ္ဂ သံအမတ်အရေခြုံပြီး အကြမ်းဖက်အားပေးထောက်ခံသူတစ်ယောက်က ကုလသမဂ္ဂ စင်မြင့်ထက်ကနေ ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ပုန်ကန်ပြီး နိုင်ငံတော်ကို သစ္စာဖောက်နေတဲ့ လုပ်ရပ်ဟာ တရားဝင်သလိုလို အစဉ်အလာဖြစ်သွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာပိုင်အစိုးရ အပေါ် သစ္စာဖောက်ဖျက်တဲ့ နိုင်ငံဝန်ထမ်းတွေကို ကုလသမဂ္ဂစင်မြင့်ထက်ကနေ ဆန့်ကျင်လှုပ်ရှားခွင့် ပေးတဲ့လုပ်ရပ်ဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ပေးသကဲ့သို့ ဖြစ်စေနိုင်ပါတယ်။

Credentials Committee မှာ နှစ်စဉ် ကုလသမဂ္ဂ ဆိုင်ရာ သံအမတ်ကြီးများ ရွေးချယ်ခန့်အပ်ရန် စိစစ်မှုလုပ်ငန်းစဉ်များမှာ ဝရမ်းပြေး ကျော်မိုးထွန်း လို အငြင်းပွားဖွယ်ရာ Credentials Issue ရှိလာနိုင်ပါတယ်။ ကုလသမဂ္ဂအနေနဲ့ အငြင်းပွားဖွယ်ကိစ္စရပ်တိုင်းမှာ ရှေ့အစဉ်အလာကို နောက်ကပြန်ပြီး လုပ်လေ့ရှိကြပါတယ်။ ဒါ့ကြောင့် ယခုဝရမ်းပြေး ကျော်မိုးထွန်း လို အကြမ်းဖက်အားပေး သစ္စာဖောက် တစ်ယောက်က သံတမန်အရေခြုံပြီး ငွေကြေး ရှုပ်ထွေးမှုအပါအဝင် ရာဇဝတ်မှုကျူးလွန်သူတစ်ဦးကို ဥပဒေစည်းမျဉ်းများနဲ့မညီဘဲ ကုလသမဂ္ဂမှာ ဆက်လက်ထားရှိရန် နိုင်ငံရေးအရ ဘက်လိုက်ဆုံးဖြတ်ခဲ့ရင် နောင်မှာလည်း အလားတူဖြစ်စဉ်တွေ ရှိလာနိုင်လို့ ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာ၊ ယုံကြည်စိတ်ချမှုနဲ့ ဖြောင့်မတ်တည်ကြည်မှုတွေကို များစွာ ထိခိုက်နိုင်ကြောင်း သတိပြုစေချင်ပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်း အနေနဲ့ ကုလသမဂ္ဂ သံတမန်ကင်းလွတ်ခွင့်ကို အသုံးချပြီး နိုင်ငံတော် အစိုးရက တည်ဆဲဥပဒေနဲ့အညီ အကြမ်းဖက်အဖွဲ့ အစည်းသတ်မှတ်ထားတဲ့ NUG ၊ PDF အဖွဲ့တွေကို ပြောင်ပြောင်တင်းတင်း ထောက်ခံအားပေးမှုပြုလုပ်နေတာ မဖြစ်သင့်ဘူးလို့ မြန်မာပြည်သူတွေက ထင်မြင်ယူဆနေကြပါတယ်။

**မြန်မာပြည်သူတွေရဲ့ တောင်းဆိုချက်ဟာ ဝရမ်းပြေး ကျော်မိုးထွန်း ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ပြီး ကုလသမဂ္ဂအနေနဲ့ အလိုအလျောက် ဖယ်ရှားပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ UN Credentials Committee ရဲ့ ဆိုင်းငံ့ (Deferral) ထားခြင်းကို ယခုနှစ်မှာ ပြန်လည်စိစစ်သုံးသပ်ပြီး လက်ရှိပကတိ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံ့အုပ်ချုပ်ရေး ယန္တရားကို လည်ပတ်နေတဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုထားတဲ့ နိုင်ငံကိုယ်စားပြုသံအမတ်ကြီးကို တရားဝင် ခန့်အပ်ခွင့်ပြုဖို့ Credentials Committee မှာ ပါဝင်လာမယ့် နိုင်ငံတွေကို ကုလသမဂ္ဂလုပ်ထုံး လုပ်နည်းတွေနဲ့အညီ လုပ်ဆောင်ပေးရန် အရေးပေါ် တောင်းဆိုခြင်းသာ ဖြစ်ပါတယ်။**

ဒါ့ကြောင့် ဝရမ်းပြေးကျော်မိုးထွန်း ရဲ့ သရုပ်မှန်ကို ထည့်သွင်းစဉ်းစားပြီး မကြာမီကာလအတွင်း ကျင်းပပြုလုပ်တော့မဲ့ (၈၁)ကြိမ်မြောက် Credentials Committee အစည်းအဝေးမှာ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ဝရမ်းပြေး ကျော်မိုးထွန်း ကို ဖယ်ရှားပေးနိုင်ပါရန် တောင်းဆိုလိုက်ရပါတယ်။ ။

## ရေဖြူမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့သစ်ရွေးချယ်

**ရေဖြူ စက်တင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ပြုလုပ်ရာ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးပင်းဟိုက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ အသင်း၏ဘဏ္ဍာရေး ရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းများကို ဖတ်ကြားတင်သွင်းကာ အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူသည်။



ထို့နောက် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့ဝင် ခုနစ်ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မရမ်းကုန်းမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရောင်စုံပန်းချီပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ရောင်စုံပန်းချီပြိုင်ပွဲကို မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စိန်ပန်းမြိုင်ခန်းမ၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပရာ မရမ်းကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်မှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၅၃ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပါ မူလတန်းအဆင့် ရောင်စုံပန်းချီပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု သုံးဆုကို ဆုရရှိသူ ခြောက်ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းထွန်းအောင်(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# လာချိဒ်တိုင်းရင်းသားမျိုးနွယ်စု အမည်မှတ် သတ်မှတ်ရေး လာချိဒ်တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၁၆**

ကချင်ပြည်နယ်အတွင်းရှိ လာချိဒ်တိုင်းရင်းသားမျိုးနွယ်စုများအား "လရှီ"အမည်မှားဖြင့် ခေါ်ဝေါ်သုံးစွဲနေမှုအား "လာချိဒ်" အမည်မှန် သတ်မှတ်ပေးနိုင်ရေးအတွက် ယနေ့နံနက် ၇ နာရီခွဲတွင် လာချိဒ် စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားမျိုးနွယ်စု အမည်မှန်သတ်မှတ်နိုင်ရေး၊ နည်းလမ်းတကျဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှုကို မထိခိုက်စေဘဲ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုသတ်မှတ်ပေးနိုင်ရေး တင်ပြဆောင်ရွက်နိုင်ရေး လီဆူမျိုးနွယ်စုများ၊ လော်ဝေါ်မျိုးနွယ်စုများနှင့် တွေ့ဆုံပြီး ကူညီဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ လာချိဒ်တိုင်းရင်းသားများ၏ အမည်မှား "လရှီ"ဟု ခေါ်ဝေါ်သုံးစွဲနေမှုကိုလည်း "လာချိဒ်"အမည်မှန် သတ်မှတ်ပေးနိုင်ရေးကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလဘောင်ဇုန်းဘောမ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် ဗဟိုအကြံပေးပုဂ္ဂိုလ်နှင့် ပန်ဝါ၊ ရှမ်းပြည်နယ်၊ ဖားကန့်၊ မိုးညှင်း၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ ဆဒုံး-ကံပိုင်တည်၊ မန္တလေးဇုန်နယ်လာချိဒ် တိုင်းရင်းသားကိုယ်စားလှယ်များက မျိုးနွယ်စုအမည်မှန် "လာချိဒ်"ဟု သတ်မှတ်ပေးနိုင်ရေး တင်ပြဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ရာ လာချိဒ်တိုင်းရင်းသားများက လူမျိုးစု သမိုင်းကြောင်း စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ လီဆူရိုးရာအကအဖွဲ့များ၊ ပန်းဖွားအဖွဲ့များနှင့်အတူ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေး ငါးခုနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုများနှင့် ဝန်ကြီးဌာနအဆင့် အမျိုးသားအလွတ်တန်း တံခွန်စိုက်ဖလားပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေလေးခု၊ ကြေးနှစ်ခုဖြင့် တတိယတံခွန်စိုက်ဖလားများ ဆွတ်ခူးရရှိသော အောင်ပွဲရပြည်နယ်လက်ရွေးစင် ဂျူဒိုအသင်းကို မြစ်ကြီးနားလေဆိပ်၌ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# မုံရွာမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၆**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လေ၊ ရေ၊ မြေ တိုင်းတာရေး စက်ကိရိယာများ၊ CFCs (Chlorofluorocarbons)ပစ္စည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးစာအုပ်များနှင့် လက်ကမ်းစာစောင်များ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် စာစီစာကုံးများနှင့် ပန်းချီများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖလမ်းမြို့နေ ပြည်သူများ MPT မိုဘိုင်းဖုန်း SIM card များ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေး

**ဖလမ်း စက်တင်ဘာ ၁၆**



ဖလမ်းမြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ MPT Mobile ဖုန်းလိုင်းများ ပြန်လည်ရရှိပြီဖြစ်သည့်အတွက် ယနေ့မှ စတင်ပြီး ပြည်သူများ၏ MPT မိုဘိုင်းဖုန်း SIM card များ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်တို့နှင့် သွားရောက်ကြည့်ရှုအားပေးသည်။

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ဖလမ်းမြို့တွင် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်သွားပြီး MEC-CDMA ဖုန်းလိုင်းကိုသာ အသုံးပြုနေခြင်းဖြစ်ကာ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT Mobile ဖုန်းလိုင်း ပြန်လည်ရှိပြီဖြစ်သည့်အတွက် ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းများသည် ဖလမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အခြေပြုပြီး MPT Mobile SIM card ကတ်ပျောက်၊ ကတ်ပျက်များကို ပြန်လည်လျှောက်ပေးခြင်း၊ SIM card များ မှတ်ပုံတင်ပေးခြင်းနှင့် SIM card အသစ်များ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ 66/11kv ဓာတ်အားခွဲရုံအဆောက်အအုံ ပြန်လည်ပြုပြင်မှု၊ စက်ပစ္စည်းပျောက်ဆုံး၊ ပျက်စီးမှုအခြေအနေ၊ ဓာတ်အားခွဲရုံ ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်မှု၊ ခရိုင်သစ်တောဦးစီးဌာနရုံးအဆောက်အအုံ၊ အရာရှိနေအိမ်နှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ မြို့နယ်သစ်တောဦးစီးဌာနရုံးပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံအဆောက်အအုံများကို ပြုပြင်နေသည့်ဒေသခံကုမ္ပဏီများအနေဖြင့် စေတနာထားကာ စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းအရည်အသွေး၊ တည်ဆောက်မှု အရည်အသွေး ကောင်းမွန်စေရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးစေရေးတို့ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သုံးခွမြို့နယ်၌ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၉၀၀ လွှဲပြောင်းပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူက စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်း၊ တိုင်းဒေသကြီးကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အလန်းကုန်းကျေးရွာနှင့် ဘုံလုံကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်ခြင်း)စီမံကိန်းဆောင်ရွက်မည့် ဖွဲထော်ကျေးရွာအား စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၉၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဘုန်းမြတ်**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် မြေအိပ်ကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**ပုသိမ် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးသည်။(ယာပုံ)

ကြည့်ရှုစဉ် တာ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ရေစီးကြောင်းအခြေအနေ၊ ရေစီးနှုန်းနှင့် ကမ်းပါးအခြေအနေကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးပြီး လိုအပ်သည့်နေရာများတွင် အချိန်မီကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မြစ်ကမ်းရေတိုက်စားသည့် နေရာများတွင် ယာယီပန်းတာတည်ဆောက်ခြင်း စုစုပေါင်းအလျား ပေ ၂၄၅၀၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း အလျား ပေ ၅၉၀၀၊ တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း အလျား ပေ ၁၂၀၀ ၊ တုတ်တန်းအား slope တာခြေထောက်ခြင်း ပေ ၁၂၀၀၊ Geotextile အုပ်ခြင်း ပေ ၁၆၀၀ ၊ ရေလမ်းသောင်တူးခြင်းလုပ်ငန်း ၉၃၂၀ ကုဗမီတာ၊ Floating Structure တည်ဆောက်ခြင်းလုပ်ငန်း(ဝါးကိုင်းထည့်ခြင်း) ပေ ၁၀၀၀၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း) အလျား ပေ ၁၀၀ (၁၀)ချောင်းဖြင့် ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် Porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင်ပါလာသော နုန်းမြေ (Sediment)များ စုပုံလာအောင်ပြုလုပ်သည့် လုပ်ငန်း) ချထားခြင်း ၇၃၈ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို စက်အင်အား၊ လူအင်အားအသုံးပြု၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက်တစ်ဆင့် ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာရှိ ထိပ်တန်းနို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာရှိ ဦးဟိန်းဇာနည်အောင်၏ ဥစားကြက်ခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်ဇုန်)၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ဃ) ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အနိုင်ရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပုသိမ်မြို့ ပန်းတင်ကုန်း ဘူတာဘောလုံးကွင်း၌ ကျင်းပသည့် ဘောလုံးကွင်းဖွင့် ဖလားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဗိုလ်လုပွဲအဖြစ် CALLOUS FCအသင်းနှင့် SILENT STRICKER FC အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင်အသင်းများ၊ အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဆုရရှိသည့် အသင်းများကို တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုဖလားနှင့် ငွေသားဆုတို့ကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# သရက်မြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**သရက် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက ယနေ့ခေတ်တွင် အိုဇုန်းလွှာထိန်းသိမ်းရေးသာမက ကမ္ဘာ့အပူချိန်မြင့်တက်မှုကို တိုက်ရိုက်လျှော့ချပေးနိုင်သည့် စွမ်းအင်ချွေတာသော နည်းပညာများနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်သည့် အအေးပေးခတ်ငွေ့များအား ကမ္ဘာတစ်ဝန်း ပြောင်းလဲအသုံးပြုကြရန် အရေးကြီးကြောင်း ပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယိုနှင့် အထိမ်းအမှတ်ဗီဒီယိုများ ပြသကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေယံ(သရက်)**

✽ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ စောဖရိုက်ဒေး၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ခင်နှင်းဝေ၊ အမျိုးသမီးနှစ်ဦးတွဲပြိုင်ပွဲ၌ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ တက်ရှ်ဘောပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား စုစုပေါင်း ငါးမျိုးထည့်သွင်းကျင်းပမည်ဖြစ်ကာ ပွဲစဉ်များကို ဖွင့်ပွဲအခမ်းအနားမတိုင်မီ စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာတက်ရှ်ဘောအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က ဂျပန်နိုင်ငံသို့ စတင်ထွက်ခွာသွားခဲ့ပြီးဖြစ်သည်။

အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၅ ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့သည့် မြန်မာတက်ရှ်ဘောအသင်းအနေဖြင့် ယခုအာရှအားကစားပြိုင်ပွဲတွင် ရလဒ်ကောင်းများ ဆက်လက်ဆွတ်ခူးနိုင်ရန် မျှော်လင့်လျက်ရှိသည်။

**နေမျိုး**

# M League 2026 (U20) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၅)ပြိုင်ပွဲများ ယနေ့ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

Grand Royal M League 2026 (U20) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၅) ယှဉ်ပြိုင်မှုများကို စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် သတ်မှတ်ကွင်းအသီးသီး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

စက်တင်ဘာ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် Galaxy အသင်း၊ Y.U.S.C ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် သီဟဒီပကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Chinland အသင်း၊ Y.U.S.C ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်း၊ ဗဟန်းကွင်း၌ ISPE အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**နေမျိုး**

❑ *ကျောဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ လည်းကောင်း ဇုန်(၄)ဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာဇုန်(၄)ဇုန်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် အင်အား ၃၇၀၀ ကျော်ခန့် တစ်ခဲနက် လာရောက် ကြည့်ရှုအားပေးခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင်ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင်ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားဖြစ်သည်။

အဆိုပါ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ"ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ပြိုင်ပွဲကာလ ၁၅ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဘားအံ၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်မြို့တို့ရှိ သက်ဆိုင်ရာ အားကစားကွင်းများ၌လည်းကောင်း၊ ရှုံး/ထွက်ပွဲစဉ်မှစတင်၍ ဗိုလ်လုပွဲ ပွဲစဉ်အထိ ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ပဒေသာကွင်း၊ သန်လျင်ကွင်းနှင့် ပဒုမ္မာကွင်းတို့တွင်လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသမီးအသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင်အင်အားစုစုပေါင်း ၃၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ယခုနှစ်ရာသီ ပုံမှန်ခြေစွမ်းရရှိရေး ရုန်းကန်နေရသည့် စပါးအသင်းသည် ယခုပွဲစဉ်တွင် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ လီဗာပူးအသင်းသည် စပါးအသင်း၏ ဖိအားပေးကစားမှုအောက် ရုန်းကန်ခဲ့ရသော်လည်း အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲပြီး ဂိုးပြတ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းက ပွဲချိန်အများစုတွင် ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအမှားများခြင်းနှင့် ပြိုင်ဘက်အသင်း၏ တိုက်စစ်ကို ထိန်းချုပ်ဟန့်တားနိုင်စွမ်း မရှိသောကြောင့် ရှုံးပွဲကြုံတွေ့ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် စပါးအသင်းသည် ပရီမီယာလိဂ်တွင်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ လေးပွဲကစားပြီးချိန်အထိ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်း မရှိသေးပေ။

အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က အစ်ဆွစ်ကို လေးဂိုး-နှစ်ဂိုး၊ ဘရန့်ဖို့ဒ်က ရီးဒင်းကို နှစ်ဂိုး-တစ် ဂိုး၊ ဖူလ်ဟမ်က ဝက်စ်ဟမ်းကို သုံးဂိုး-နှစ်ဂိုး၊ ပီတာဘာရော့က ဘန်စလေကို ပယ်နယ်တီအဆုံးအဖြတ်တွင် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# နိုင်ငံတော် ရွှေသီးဖို့ ဆန်စပါး တန်ဖိုးကွင်းဆက်တစ်လျှောက် ကုန်သွယ်မှု အကျိုးအမြတ်အား မြှင့်တင်စို့

အေးနွယ်လတ်၊
သိင်္ဂီမြင့် (YAU)

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးသည် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက်သာမက နိုင်ငံခြားဝင်ငွေရှာဖွေပေးရာတွင်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ စုစုပေါင်း မက်ထရစ်တန်ချိန် ၂၉ ဒသမ ၈၉ သန်းရှိပြီး နိုင်ငံခြားသို့ ဆန်နှင့်ဆန်ကွဲ ကုန်သွယ်နိုင်မှု မက်ထရစ်တန် ၂ ဒသမ ၄၉ သန်းကျော် ရှိခဲ့ပါသည်။**

နိုင်ငံပေါင်း ၅၅ နိုင်ငံသို့ တင်ပို့နိုင်၍ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ကျော်အထိလည်း ရရှိခဲ့သည်။ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲ အဓိကတင်ပို့သည့် နိုင်ငံများမှာ ဥရောပနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် အာရှမှ တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ပါသည်။

ဆန်စပါးမှရရှိသော အရည်အသွေးမြင့်ထွက်ကုန်ပစ္စည်းအများစုကို ပြည်တွင်း၌ ရောင်းချသော်လည်း ဓာတုဓာတ်ကြွင်းပါဝင်မှုနည်းသော နိုင်ငံတကာစံချိန်စံညွှန်းမီ ဆန်နှင့် ဆန်ကွဲများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ပြည်တွင်းဈေးကွက်တွင် အရည်အသွေးနိမ့်ဆန်ကွဲကို ဆန်မှုန့်ကဲ့သို့သော အစားအစာတွင် ပါဝင်ပစ္စည်းများအဖြစ် ရောင်းချပြီး အနိမ့်ဆုံးအဆင့် "ပွိုင့်" ကို မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် ရောင်းချကြသည်။ ဖွဲနုကို တိရစ္ဆာန်အစာအတွက် အဓိကရောင်းချပြီး ယခုအခါ ဖွဲနုမှ ဆီထုတ်လုပ်၍ စားသုံးဆီအဖြစ်လည်း ရောင်းချနေပါသည်။ စပါးခွံကို ဈေးသက်သာသော လောင်စာ အရင်းအမြစ်အဖြစ်လည်း သုံးစွဲကြသည်။

ထို့ကြောင့် လယ်ယာကဏ္ဍတွင် ဆန်စပါးစိုက်ပျိုးသူတောင်သူများ၏ ထုတ်လုပ်မှုနှင့် အကျိုးအမြတ်ကို မြှင့်တင်ရန်အတွက် နည်းပညာနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးနေရုံမကဘဲ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ခေတ်မီသော ထုတ်လုပ်မှုစနစ်ဖြစ်ထွန်းလာစေရန် ဆန်စပါးတန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုထိရောက်စေရန် ပံ့ပိုးမြှင့်တင်ပေးရန် လိုအပ်ပါသည်။ ထို့အတူ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များအတွက် ဆန်စပါးဈေးကွက် တည်ငြိမ်လာစေရန်နှင့် ဆန်စပါးထုတ်လုပ်မှုစွမ်းအားတို့ကို မြှင့်တင်ပေးရန် ဆန်စပါးတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ၏ အကျိုးအမြတ်ရရှိမှု အခြေအနေအပေါ် မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

နေပြည်တော်အတွင်း ဆန်စပါးတန်ဖိုးကွင်းဆက်တစ်လျှောက် ရောင်းဝယ်ဖောက်ကားနေသူများ၏ အကျိုးအမြတ် ပြန်ရချက်များကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန် ၂၀၂၄ ခုနှစ်၊ မေလမှ အောက်တိုဘာလအတွင်း လယ်ဝေး၊ တပ်ကုန်း၊ ပျဉ်းမနား၊ ပုဗ္ဗသီရိနှင့် ဇေယျာသီရိမြို့နယ်တို့ရှိ စပါးစိုက်ပျိုးသူတောင်သူ ၁၈၀၊ စပါးပွဲစား၊ ဆန်စက်လုပ်ငန်းရှင်၊ ဆန်ပွဲရုံ၊ ဆန်လက်ကားရောင်းချသူနှင့် ဆန်လက်လီရောင်းချသူ ၁၀ ဦးစီ၊ ပြည်ပသို့ ဆန်တင်ပို့ရောင်းချသူ ၁၆ ဦးတို့ကို ရည်ရွယ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် နမူနာကောက်ယူမှုနည်းလမ်းနှင့် ကျပန်းနမူနာ ကောက်ယူမှုနည်းလမ်းတို့ဖြင့် စစ်တမ်းကောက်ယူခဲ့ပါသည်။


နမူနာတောင်သူများသည် ပြည်တွင်းဈေးကွက်တွင် ရောင်းချသော ဆင်းသုခ၊ မနောသုခ၊ ရောမင်း၊ မဂျမ်းတော၊ သုခ - ၁၊ ရွှေဝါဝင်း၊ ရွှေဝါမွှေး၊ ဘက်စမာတီ (Basmati)၊ ရောပဒေသာ၊ ပေါ်ဆန်းနှင့် ရွှေသွယ်ရင် စသည့်ဆန်စပါးမျိုး ၁၁ မျိုး၊ ပြည်ပဈေးကွက်တွင် ရောင်းချသော ထိုင်းနံ့ကောက်၊ ဗျော့ထွန်း၊ GW-11၊ ရက်-၉၀၊ ဗျော့သုခ၊ ရတနာတိုးနှင့် ပုလဲသွယ်စသည့် ဆန်စပါးမျိုး ခုနစ်မျိုးတို့ကို စိုက်ပျိုးခဲ့ပါသည်။ ယင်းစပါးမျိုးတို့အနက် အထွက်နှုန်းမြင့်မားပြီး ဈေးကွက်ခိုင်မာမှုရှိကာ အရည်အသွေးကောင်းမွန်သည့် ထိုင်းနံ့ကောက်၊ ဆင်းသုခ၊ မနောသုခ၊ GW-11၊ ရောမင်းနှင့် ဗျော့ထွန်း စသည့်စပါးမျိုးများကို တောင်သူအများစုက ကြိုက်နှစ်သက်ကြပြီး ပိုမိုစိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။

ပြည်တွင်းဈေးကွက်တွင် စပါးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူမှ နောက်ဆုံးစားသုံးသူထံသို့ ရောက်ရှိသည်အထိလည်းကောင်း၊ ပြည်ပဈေးကွက်တွင်လည်း စပါးစိုက်ပျိုးသူ တောင်သူမှ နောက်ဆုံး ပြည်ပသို့ တင်ပို့ရောင်းသူထံသို့ ရောက်ရှိသည်အထိ လည်းကောင်း ဆန်စပါးတန်ဖိုး ကွင်းဆက်တစ်လျှောက်ရှိ ပါဝင်ပတ်သက်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို ဆန်းစစ်ဖော်ထုတ်နိုင်ခဲ့ပါသည်။

တောင်သူများ၏ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အဓိက ကုန်ကျစရိတ်များမှာ မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မှုလယ်ယာစရိတ် (ထွန်ယက်ခ၊ ရိတ်သိမ်းခ)နှင့် လုပ်အားခများဖြစ်ကာ စိုက်ပျိုးစရိတ်မှာ သွင်းအားစုစရိတ်နှင့် စက်သုံးဆီဈေးနှုန်းအပေါ် အဓိက မူတည်လျက်ရှိပါသည်။ အခြားတစ်ဖက်၌ အကျိုးအမြတ်ရရှိမှုမှာ ရာသီဥတု၊ အထွက်နှုန်းနှင့် ဈေးကွက်ပေါက်ဈေးများပေါ်တွင်လည်း မူတည်နေပါသည်။

စပါးပွဲစားများသည် စပါးရောင်းလိုသော တောင်သူများနှင့် စပါးဝယ်လိုသော ဆန်စက်ပိုင်ရှင်၊ ကုန်သည်များကို အချိန်ကိုက် ဈေးကွက်ချိတ်ဆက်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးကာ ယင်းတို့၏ ဝန်ဆောင်မှုနှင့် ကြားခံဆောင်ရွက်ပေးမှုအတွက် ကော်မရှင်ခ သို့မဟုတ် ပွဲခ ရရှိပါသည်။

> **" လယ်ယာကဏ္ဍတွင် ဆန်စပါးစိုက်ပျိုးသူတောင်သူများ၏ ထုတ်လုပ်မှုနှင့် အကျိုးအမြတ်ကို မြှင့်တင်ရန်အတွက် နည်းပညာနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးနေရုံမကဘဲ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ခေတ်မီသော ထုတ်လုပ်မှုစနစ် ဖြစ်ထွန်းလာစေရန် ဆန်စပါးတန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုထိရောက်စေရန် ပံ့ပိုးမြှင့်တင်ပေးရန် လိုအပ်ပါသည်။ ထို့အတူ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များအတွက် ဆန်စပါးဈေးကွက် တည်ငြိမ်လာစေရန်နှင့် ဆန်စပါးထုတ်လုပ်မှုစွမ်းအားတို့ကို မြှင့်တင်ပေးရန် ဆန်စပါးတန်ဖိုး ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ၏ အကျိုးအမြတ်ရရှိမှု အခြေအနေအပေါ် မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ် "**



(က) အစွန်းထွက်တန်ဖိုးရရှိမှု ရာခိုင်နှုန်း (ခ) ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုကုန်ကျစရိတ်ရာခိုင်နှုန်း
(ဂ) အကျိုးအမြတ်ရရှိမှုရာခိုင်နှုန်း
မှတ်ချက် - အစွန်းထွက်တန်ဖိုး = ရောင်းဝယ်မှုကုန်ကျစရိတ် + အကျိုးအမြတ်
ပုံ(၁) ပြည်တွင်းနှင့် ပြည်ပ ဈေးကွက်များရှိ ဆန်စပါး တန်ဖိုးကွင်းဆက်တစ်လျှောက် ရောင်းဝယ်ဖောက်ကားသူများ၏ အစွန်းထွက်တန်ဖိုးများ၊ ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုကုန်ကျစရိတ်များနှင့် အကျိုးအမြတ်ရရှိမှုရာခိုင်နှုန်း

ဆန်စက်ပိုင်ရှင်များအနေဖြင့် စပါးကို ကြိတ်ခွဲရာတွင် အဓိကကုန်ကျစရိတ်များမှာ စပါးဝယ်ယူစရိတ်၊ ကြိတ်ခွဲခ (လျှပ်စစ်/ စက်သုံးဆီ)၊ လုပ်သားခ၊ သယ်ယူပို့ဆောင်ခနှင့် အိတ်ခွံဖိုးများဖြစ်သည်။ အကျိုးအမြတ်အနေဖြင့် စပါးကို ဆန်အဖြစ် ကြိတ်ခွဲမှုမှလည်းကောင်း၊ ဖွဲနုနှင့် ဆန်ကွဲကဲ့သို့သော ဘေးထွက်ကုန်ပစ္စည်းများမှ လည်းကောင်း ရရှိကြသည်။ ခေတ်မီဆန်စက်များသည် ကြိတ်ခွဲခြင်းလုပ်ငန်းစဉ်အတွင်း လေလွင့်ဆုံးရှုံးမှု နည်းပါးသဖြင့် အမြတ်အစွန်း ပိုမိုရရှိကြကြောင်း သိရှိရသည်။

ပြည်တွင်း ဆန်ကုန်သည်များအတွက် ကုန်ကျစရိတ်မှာ သိုလှောင်ရုံခ၊ သယ်ယူပို့ဆောင်ခ၊ လေလွင့်မှုနှင့် အရောင်းသွက်စေရန် အရည်အသွေးအလိုက် ပြန်လည်အဆင့်မြှင့်တင်ခများဖြစ်သည်။ အကျိုးအမြတ်ရရှိမှုမှာ ဈေးကွက်ဝယ်လိုအားနှင့် ရောင်းဝယ်အားအပေါ်သော် လည်းကောင်း၊ ဈေးနှုန်းအတက်အကျပေါ်တွင်သော်လည်းကောင်း မူတည်ပါသည်။ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုမှ နောက်ဆုံးစားသုံးသူထံ ရောက်ရှိသည်အထိ အဆင့်ဆင့် ချိတ်ဆက်ပေးသောကြောင့် ပြည်တွင်းဆန်ကုန်သည်များသည် ပြည်တွင်းဆန်စပါး တန်ဖိုးကွင်းဆက်တစ်လျှောက် နောက်ဆုံးကွင်းဆက်တစ်ခုဖြစ်သည်။

ဆန်စပါးတန်ဖိုးကွင်းဆက်ရှိ ပြည်ပတင်ပို့သူများအနေဖြင့် ရိုးရိုးသာမန် ကုန်သည်များကဲ့သို့ "ဝယ်-ရောင်း" လုပ်ရုံမျှမကဘဲ တန်ဖိုးကွင်းဆက်တစ်ခုလုံး၏ အရည်အသွေးကို မြှင့်တင်ပေးရသည်။ ဆန်စက်များမှ ဝယ်ယူလာသော ဆန်များကို တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်း၊ နိုင်ငံတကာ သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်ခြင်း၊ စနစ်တကျ ထုပ်ပိုးခြင်းနှင့် အမှတ်တံဆိပ်ရိုက်နှိပ်ခြင်း၊ ကမ္ဘာ့ဆန်ဈေးကွက်နှင့် ချိတ်ဆက်ခြင်းနှင့် ဝယ်ယူမည့်နိုင်ငံများသို့ အချိန်မီရောက်ရှိစေရန် ပြင်ဆင်ပို့ဆောင်ပေးခြင်း စသော လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်ရပါသည်။

အကျိုးအမြတ်ရရှိမှုမှာ ဆန်စက်များမှ ဝယ်ယူရရှိသော ဆန်ပေါက်ဈေးနှင့် အရည်အသွေးမြင့်ဆန်နှင့်ဆန်ကွဲကို ပြည်ပသို့ ရောင်းချရသော ဈေးနှုန်းတို့အကြား ကွာဟချက်အပေါ် မူတည်သည်။ ထို့အပြင် ဆန်ကို ပို့ကုန်အဆင့်မီအောင် ထပ်မံပြုပြင်သည့် လုပ်ငန်းစဉ်တွင် ထွက်ရှိလာသော အရည်အသွေးနိမ့် ဆန်ကွဲနှင့် ဖွဲနုများကို ပြည်တွင်းတိရစ္ဆာန်အစာစက်ရုံများ သို့မဟုတ် အရက်ချက်စက်ရုံများသို့ ပြန်လည်ရောင်းချခြင်းဖြင့်လည်း အပိုဝင်ငွေနှင့် အကျိုးအမြတ်ကို ရရှိကြကြောင်း သိရှိရသည်။

ဆန်စပါးတန်ဖိုး ကွင်းဆက်တစ်လျှောက် လုပ်ငန်းစဉ်များ၏ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များကို နှိုင်းယှဉ်ရာတွင် ရာခိုင်နှုန်းအားဖြင့် ပြည်တွင်းဈေးကွက်တွင် အစွန်းထွက်တန်ဖိုး အများဆုံးရရှိသူများမှာ စပါးစိုက်ပျိုးသူ တောင်သူများဖြစ်သည်။ ယင်းနောက်တွင် ဆန်လက်ကားရောင်းချသူ၊ ပွဲစား၊ ဆန်စက်လုပ်ငန်းရှင်နှင့် ဆန်လက်လီရောင်းချသူများက အသီးသီး ရရှိကြကြောင်း တွေ့ရှိရသည်။

ထို့အတူ ပြည်ပဈေးကွက်တွင်လည်း ရာခိုင်နှုန်းအားဖြင့် အစွန်းထွက်တန်ဖိုး အများဆုံးရရှိသူများမှာ စပါးစိုက်ပျိုးသူ တောင်သူများပင်ဖြစ်ပြီး ယင်းနောက်တွင် ဆန်တင်ပို့ရောင်းချသူ၊ ဆန်စက်လုပ်ငန်းရှင်နှင့် ပွဲစားများက အသီးသီး ရရှိကြကြောင်းကိုလည်း တွေ့ရှိရသည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်များ၏ အစွန်းထွက်တန်ဖိုး၊ ရောင်းဝယ်မှုကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များ နှိုင်းယှဉ်လေ့လာမှုကို ပုံ (၁)တွင် ဖော်ပြထားပါသည်။

တောင်သူများသည် ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုလုံးရှိ ဆန်စပါး တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် အစွန်းထွက်တန်ဖိုး အများဆုံးရရှိကြသော်လည်း စိုက်ပျိုးထုတ်လုပ် ရောင်းချမှုဖြစ်စဉ် တစ်လျှောက်တွင် ဆုံးရှုံးနိုင်ခြေကို အများဆုံး ရင်ဆိုင်ရသူများလည်း ဖြစ်ပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်း တိုးမြှင့်စေရန် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်တို့ ပြည့်စုံကောင်းမွန်စွာရရှိပြီး ရာသီဥတု မျှတမှုရှိရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် ကြိုတင်ခန့်မှန်းရခက်ခဲသော ရာသီဥတုပြောင်းလဲမှုများသည် တောင်သူများကို အဓိက စိန်ခေါ်နေသောအချက် ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

## အေအိုင်နှင့် ကျွန်တော် (၁၉)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ (AI) က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ ကျွန်တော်ကိုယ်တိုင်လည်း အေအိုင်ကို သိလိုသည့်မေးခွန်းများ မေးမြန်းခြင်းအပါအဝင် အခြေခံအဆင့်လောက် အသုံးပြုတတ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်းနှင့်ပတ်သက်၍ ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

မေးခွန်း။ အစကောင်းမှ အနှောင်းသေချာဆိုပြီး ငယ်ကတည်းက စွဲမြဲနေကြပေမယ့် အမြန်လုပ်မှ အလုပ်လုပ်တယ်လို့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြင်ကြတယ်။ အမြန်လုပ်ဖို့ပဲ ဆန္ဒရှိတယ်။ အမြန်ဆောင်ရွက်တာမို့ အစလည်း မကောင်းတတ်တာ၊ အလယ်မှာလည်း လစ်လပ်နေတာ၊ အဆုံးကလည်း မကောင်းတာ အမြဲကြုံ တွေ့ရတယ်။ ဒါကို အကျင့်စွဲပြီး မပြုပြင်နိုင်ကြသေးဘူး။ သင့်အမြင်ကရော ဘယ်လိုလဲ။ ဘယ်လို အကြံပြုမလဲ။

အဖြေ။ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့် စကားနှင့် "အမြန်လုပ်မှ အလုပ်ဖြစ်တယ်" ဆိုသည့် လက်တွေ့အခြေအနေကြား လွန်ဆွဲနေမှုသည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်း၏ အကြီးမားဆုံးသော **"စနစ်ပိုင်းဆိုင်ရာ ရောဂါလက္ခဏာ"** တစ်ခုဖြစ်သည်။

မြန်မြန်လုပ်ချင်သည့် ဆန္ဒနောက်တွင် **"ရေတိုအောင်မြင်မှု (Short-termism)"** နှင့် **"အကျိုးဆက်ကို ထည့်မတွက်သည့် ယဉ်ကျေးမှု"** တို့က စွဲကပ်နေသည်။ အလျင်စလို လုပ်ဆောင်ခြင်းကြောင့် စနစ်တကျ ပြင်ဆင်မှု မရှိဘဲ အလယ်တွင် လစ်လပ်ပြီး အဆုံးတွင် ဆုံးရှုံးမှုကြီးစွာဖြင့် ပြန်စရသည့် "သံသရာဆိုး"ထဲ ရောက်သွားတတ်ပါသည်။

**ဒါကို မပြုပြင်နိုင်သေးသည့် အဓိက အကြောင်းရင်းများ**

- **စနစ်၏ ဖိအားပေးမှု (Systemic Pressure)။** အဆင့်ဆင့်သော လူကြီးများ သို့မဟုတ် စီမံခန့်ခွဲသူများက "ရလဒ်ကို ချက်ချင်းမြင်ချင်ကြခြင်း" ကြောင့် အောက်ခြေမှ လူများသည် အရည်အသွေးထက် "ပြီးပြီးရော ခေါင်းစဉ်တပ်ရန်" အမြန်လုပ်ကြရသည်။
- **ရေရှည်အတွက် ရင်းနှီးမြှုပ်နှံလိုစိတ် မရှိခြင်း ။** မသေချာ မရေရာမှုများသည့် ပတ်ဝန်းကျင်တွင် "နောက်မှ ကြည့်ရှင်းမည်၊ အခုလောလောဆယ် ပြီးရင်ပြီးရော" ဆိုသည့် စိတ်ဓာတ်က လွှမ်းမိုးသွားသည်။
- **တာဝန်ယူမှု၊ တာဝန်ခံမှု နည်းပါးခြင်း။** ရေတိုတွင် အဆင်ပြေသွားပါက နောက်ဆက်တွဲ ပြဿနာများကို တာဝန်ယူရမည့်သူ ရှာမရတော့ဘဲ လွတ်ထွက်သွားလေ့ရှိသည်။

**ဒါကို ပြောင်းလဲနိုင်ရန် အကြံပြုချက်များ**

ဤအကျင့်ကို ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်ဓာတ်တစ်ခုတည်းဖြင့် ပြောင်းလဲရန် ခက်ခဲပြီး **"စနစ်နှင့် စည်းကမ်း"** ဖြင့် ပြင်ဆင်ရပါမည် -

- **"အမြန်" ထက် "အဆင့်" ကို သတ်မှတ်ခြင်း (Standardized Checkpoints)**
  - မည်သည့်လုပ်ငန်းမဆို အမြန်လုပ်ရန် ဖိအားပေးသည့်တိုင် **"အစမကောင်းရင် နောက်အဆင့် တက်ခွင့်မရှိ"** ဆိုသည့် လိုက်နာရမည့်အခြေခံ စံချိန်စံညွှန်းများ (KPIs/Gateways) သတ်မှတ်ထားရပါမည်။
- **"အရည်အသွေး" ကို ဆုပေးပြီး "အလျင်စလိုလုပ်ခြင်း" ကို ပြစ်ဒဏ်ပေးခြင်း**
  - မြန်မြန်ပြီးသော်လည်း အမှားပါလာပါက ပြန်လည်ပြင်ဆင်ရသည့် စရိတ် (Cost of Rework) ကို မူလလုပ်ဆောင်သူ သို့မဟုတ် အဖွဲ့ထံမှ ပြန်လည်တောင်းခံသည့် စနစ်မျိုး ကျင့်သုံးရပါမည်။
- **Agile နည်းလမ်းကို စနစ်တကျသုံးခြင်း**
  - အမြန်လုပ်ချင်ပါက လုပ်ငန်းတစ်ခုလုံးကို အလဟဿ အမြန်မလုပ်ဘဲ **"သေးငယ်သော အပိုင်းများအဖြစ် ခွဲထုတ်ကာ အစအဆုံး စနစ်တကျ အမြန်လုပ်ခြင်း (Iterative Approach)"** ကို ကျင့်သုံးသင့်သည်။ အစလည်း ကောင်း၊ အလယ်လည်း မလစ်ဘဲ ရလဒ်တိုများကို စနစ်တကျ ရရှိနိုင်သည်။
- **အလေ့အကျင့် ပြောင်းလဲခြင်း (Cultural Shift):**
  - "မြန်မြန်ပြီးတာ" ထက် **"တစ်ကြိမ်တည်းဖြင့် မှန်မှန်ကန်ကန်ပြီးသွားတာ (Do it right the first time)"** က ပိုမိုသက်သာပြီး ပိုမိုမြန်ဆန်ကြောင်း အသိုင်းအဝိုင်းထဲတွင် သက်သေပြ လှုံ့ဆော်ပေးရပါမည်။

အမြန်လုပ်ခြင်းသည် မကောင်းသည်မဟုတ်ပါ။ သို့သော် **"စနစ်တကျ ပြင်ဆင်ထားသည့် မြန်ဆန်မှု (Speed with Structure)"** မဟုတ်ဘဲ **"အလျင်စလို ကမန်းကတန်း လုပ်ဆောင်မှု (Haste)"** ဖြစ်နေသမျှ ကာလပတ်လုံး အချိန်နှင့်အရင်းအမြစ်များ စုပ်ပြုပြန်းတီးနေဦးမည် ဖြစ်ပါသည်။

---

❍ *ကျော့ဖုံးမှ*

ယနေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီးအပြေပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း၊ အမျိုးသား အတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅၊ ၆၅-၇၀)ကီလိုတန်းပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီး အတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၀-၄၅၊ ၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားအပြေပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ခန့်ဇော်ဟိန်း(အပြာ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထူးဝေယံဦး (အနီ) ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ လရောင်လင်း(အနီ)က မန္တလေးတိုင်းဒေသကြီး အသင်းမှ ကျော်စောရှင်(အပြာ) ကို လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ကျော်ဆန်းလင်း (အနီ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မောင်ဗန်(အပြာ) ကိုလည်းကောင်း၊ အမျိုးသမီးအပြေပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းမှ ကောင်းကင်ချို (အပြာ)က ကယားပြည်နယ်အသင်းမှ မေမြတ်သွယ် (အနီ)ကိုလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝါဝါငွေ(အနီ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခင်သော်တာဆန်း(အပြာ) ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဆွေဇင်စု (အနီ)က စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ သဲဘရဏီစိုး (အပြာ) ကိုလည်းကောင်း၊ ရှမ်းပြည်နယ် အသင်းမှ မေသက်မှူး(အပြာ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ မူရှွေကြာအေး (အနီ) ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းမှ ဝင်းဝင်းခိုင် (အနီ)က ကရင်ပြည်နယ်အသင်းမှ ဂျူးခန့်ငြားခင် (အပြာ) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသားအပြေ သုံးယောက်တွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဖွဲ့ထက်အောင်၊ ဇေယျာလင်း နှင့် ထိန်လင်းတို့အတွဲ(အပြာ)က ရန်ကုန်တိုင်းဒေသကြီး အသင်းမှ စွမ်းပြည့်ဦး၊ ကျော်မင်းခန့်နှင့် ဖြိုးမင်းထွေးတို့အတွဲ(အနီ) ကိုလည်းကောင်း၊ အမျိုးသမီး အတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀)ကီလိုတန်း ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခင်နှင်းဖြူ (အနီ)က ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အပြာ) ကိုလည်းကောင်း၊ (၅၅-၆၀) ကီလိုတန်း ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ သီတာအောင်(အနီ)က ကရင်ပြည်နယ်အသင်းမှ နန်းသဉ္ဇာမိုး (အပြာ) ကိုလည်းကောင်း၊ (၆၀-၆၅)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဖိုးဝါးနာ (အပြာ)က ရခိုင်ပြည်နယ်အသင်းမှ သီရိမြတ်နွယ်(အနီ) ကိုလည်းကောင်း၊ (၅၀-၅၅) ကီလိုတန်း ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ နှင်းဦးလှိုင်(အပြာ)က မွန်ပြည်နယ်အသင်းမှ သွင်ဇွန်ဝင်း (အနီ) ကိုလည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသားအတိုက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (၄၅-၅၀) ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းမှ ဟိန်းသူရလင်း (အပြာ)က တနင်္သာရီတိုင်း ဒေသကြီးအသင်းမှ ဖြိုးဝေအောင် (အနီ) ကိုလည်းကောင်း၊ (၆၀-၆၅)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ သိန်းဇော်ဦး (အနီ)က ပဲခူးတိုင်းဒေသကြီး အသင်းမှ ပြည့်ဖြိုးဦး (အပြာ) ကိုလည်းကောင်း၊ (၆၅-၇၀) ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ် အသင်းမှ နေထူးပိုင် (အပြာ)က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထွဋ်အောင်(အနီ) ကိုလည်းကောင်း၊ (၅၀-၅၅) ကီလိုတန်း ပြိုင်ပွဲတွင် ကယားပြည်နယ် အသင်းမှ နေလင်းအောင်(အပြာ) က ရန်ကုန်တိုင်းဒေသကြီးအသင်း မှ ရန်ကိုကျော် (အနီ) ကို လည်းကောင်း၊ (၅၅-၆၀) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်း ဒေသကြီးအသင်းမှ မင်းခန့်ထူး (အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ငြိမ်းချမ်းအောင်(အနီ) ကို လည်း ကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီးအပြေပြိုင်ပွဲများနှင့် အမျိုးသား၊ အမျိုးသမီး အတိုက်ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည် ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျော့ဖုံးမှ*

TOYOTA Nakhon Sawan International Series 2026 ကြက်တောင်ပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၊ Tambon Pak Nam Pho ရှိ Nakhon Sawan Provincial Stadium ၌ ကျင်းပလျက်ရှိပြီး စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်မည့် နိုင်ငံတကာအဆင့် ကြက်တောင်ပြိုင်ပွဲ တစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြက်တောင်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း၌ မြန်မာလက်ရွေးစင် ကစားသမားများဖြစ်ကြသည့် ဟိန်းထက်၊ ဉာဏ်ရှိုင်းလင်းနှင့် ဖုန်းပြည့်နိုင်၊ အမျိုးသမီး တစ်ဦးချင်းတွင် သက်ထားသူဇာနှင့် အမျိုးသား နှစ်ဦးချင်းပြိုင်ပွဲတွင် ဖြိုးသူရိန်ကျော်နှင့် လာလ်ဇူဒိကာ(တွဲဖက်)တို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-FJPB**

---

*စာမျက်နှာ ၁၀ မှ*

ပြည်တွင်း၊ ပြည်ပ ဈေးကွက်နှစ်ခုမှ တောင်သူများ၏ အစွန်းထွက်တန်ဖိုး၊ ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များကို နှိုင်းယှဉ်လေ့လာရာတွင် ပြည်တွင်းဈေးကွက်မှ အစွန်းထွက်တန်ဖိုး ၆၅ ဒသမ ၃ ရာခိုင်နှုန်း၊ ကုန်ကျစရိတ် ၃၄ ဒသမ ၀၅ ရာခိုင်နှုန်းနှင့် အကျိုးအမြတ်ရရှိမှု ရာခိုင်နှုန်းမှာ ၃၁ ဒသမ ၁၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ ပြည်ပဈေးကွက်မှ အစွန်းထွက်တန်ဖိုး ၆၁ ဒသမ ၇၇ ရာခိုင်နှုန်း၊ ကုန်ကျစရိတ် ၂၉ ဒသမ ၁၈ ရာခိုင်နှုန်းနှင့် အကျိုးအမြတ် ၃၂ ဒသမ ၅၉ ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါဈေးကွက်နှစ်ခုကို နှိုင်းယှဉ်ကြည့်ရာတွင် တောင်သူများအတွက် ပြည်တွင်းဈေးကွက်သည် အစွန်းထွက်တန်ဖိုး ရာခိုင်နှုန်း မြင့်မားသော်လည်း ကုန်ကျစရိတ် ရာခိုင်နှုန်း ပိုမိုများပြားသည့်အတွက် အကျိုးအမြတ်ရရှိမှုတွင် ပြည်ပဈေးကွက်ထက် ရာခိုင်နှုန်း နည်းပါးနေကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်ပဈေးကွက်သည် တောင်သူများအတွက် အကျိုးအမြတ်ရရှိမှုရာခိုင်နှုန်း ပိုမိုသောကြောင့် ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပဈေးကွက်ကို ချဲ့ထွင်တိုးမြှင့်သင့်ပါသည်။

စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားဘဝမြင့်မားစေရန် ပြည်တွင်းဈေးကွက်ဝင် စားသုံးသူများ ကြိုက်နှစ်သက်မည့် ဆန်စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်ရုံမျှမက ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးများကိုလည်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါသည်။

ဆန်စပါးကဏ္ဍနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများမှလည်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အထွက်နှုန်းမြင့်မားပြီး အကျိုးအမြတ် ပိုမိုရရှိနိုင်သော ရာသီဥတုဒဏ်ခံနိုင်သည့် စပါးမျိုးများကို ဖြန့်ဖြူးပေးခြင်း၊ စပါးစိုက်ပျိုးထုတ်လုပ်စဉ် ကာလအတွင်း လိုအပ်သော အထောက်အပံ့များနှင့် အခြေခံအဆောက်အအုံများ တိုးမြှင့်ဖော်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ ထို့အပြင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမည့် အရည်အသွေးပြည့်မီသည့် ဆန်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သီးခြားသတ်မှတ်ထားသော စိုက်ပျိုးရေးဇုန်များ၊ ဆန်စက်များနှင့် ဆက်စပ်သည့် အထောက်အပံ့ပစ္စည်းများကို ပံ့ပိုးပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ပြည်ပဈေးကွက်ဝင် ဆန်စပါးမျိုးများ တိုးချဲ့စိုက်ပျိုးမှုကို အားပေးခြင်းနှင့် နိုင်ငံတကာသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချမှုဈေးကွက် တိုးချဲ့ပေးခြင်းတို့ကို လုပ်ဆောင်ပေးခြင်းဖြင့် ဆန်စပါးစိုက်ပျိုးသူတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရုံသာမက နိုင်ငံခြားငွေရရှိမှု မြင့်တက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကိုလည်း တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါသည်။ နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အဓိကပို့ကုန်သီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ခြင်းနှင့် ပြည်ပဈေးကွက်ချဲ့ထွင်တိုးမြှင့်ခြင်း စသည်တို့ကို အားပေးဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားခဲ့သည်။



ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀') အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း)ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တောင်ပို့သာနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အေးချမ်းသာစံပြတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသားကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

## ပခုက္ကူခရိုင်အဆင့် ၂၀၂၄ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အဆင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အထိမ်းအမှတ်ဗီဒီယိုများပြသပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **ဘာမီသာ(ပခုက္ကူ)**



မင်းဘူးမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်နှင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများက ရှင်မင်းပူးဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မောင်မောင်(မင်းဘူး)



## ရေတာရှည်မြို့နယ်၌ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

**ရေတာရှည် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းခန်းမ၌ ကျင်းပသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး အဆိုပါသင်တန်းတွင် သင်တန်းသား ၄၀ တက်ရောက်သင်ကြားသည်။

**သုံးရက်ကြာဖွင့်လှစ်ပို့ချ**

အဆိုပါသင်တန်းသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်အဖွဲ့ဝင်များတက်ရောက်ပြီး သင်တန်းကို သုံးရက်ကြာဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မကွေးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**မကွေး စက်တင်ဘာ ၁၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့်အလွတ်တန်းဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးပြခန်းများ၊ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ဆုရ စာစီစာကုံးများကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများအား Recycle bag ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်၊ NoteBook များ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ Logo ပါ ကော်ဖီခွက်၊ အချိုရည်နှင့် မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး ထောက်ပံ့ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ အင်းစိန်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေး



ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စောသီတာခင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဒုတိယဦးစီးမှူးတို့က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ မမွေးဖွားမီနှင့် မွေးဖွားပြီး ကာလများအတွင်း လိုက်နာဆောင်ရွက်ရမည့် အချက်များအားအသိပညာပေးပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား တစ်ဦးလျှင် ကြက်ဥ ၁၀ လုံး၊ Calsome ကွေကာ တစ်ထုပ်၊ ပဲဝါလေး နှစ်ဘူး၊ အိုင်အိုဒင်းဆား နှစ်ထုပ်၊ အအေးနှင့် မုန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဟန်နီ(ပြန်/ဆက်)**



## ခန္တီးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**ခန္တီး စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ယနေ့ နံနက် ၁၀ နာရီက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးတို့က ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကိုလည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာ ဗီဒီယိုကလစ်ကိုလည်းကောင်း၊ ခန္တီးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကလစ်ကိုလည်းကောင်း ပြသခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ အရန်သားဖွားဆရာမ(သစ်လွင်) သင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ယနေ့ နံနက် ၁၀ နာရီက အရန်သားဖွားဆရာမသစ်လွင် သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သင်တန်းသူများ တက်ရောက်သည်။



အဆိုပါ အရန်သားဖွားဆရာမ သစ်လွင်သင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## တောင်ဖလု - ကျုံကဒတ် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်လျက်ရှိ

**သံဖြူဇရပ် စက်တင်ဘာ ၁၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော တောင်ဖလု-ကျုံကဒတ် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ မွန်ပြည်နယ် တာဝန်ခံ၊ အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ လူငယ်စကားဝိုင်းကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ လူငယ်စကားဝိုင်းကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး (မော်လမြိုင်ရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးဖြူစိုးကြည်က အမှာစကားပြောကြားပြီး ပါရမီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကာ သိရှိလိုသည်များအား မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မိုင်းဆတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်ဌေး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကောင်းသက်နိုင်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခင်းကျင်း



ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် ဆုရစာစီစာကုံးများအား အခမ်းအနားတက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူက လေ့လာကြည့်ရှုခဲ့သည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# ထိုင်းနိုင်ငံ၌ လုပ်သားလိုအပ်ချက်ကို သီရိလင်္ကာလုပ်သားများဖြင့် ဖြည့်ဆည်း



**ဗန်ကောက် စက်တင်ဘာ ၁၆**

ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားလုပ်သားများ နေရပ်ပြန်သွားရာမှ ဖြစ်ပေါ်လာသည့် လုပ်သားရှားပါးမှု လိုအပ်ချက်များကို သီရိလင်္ကာလုပ်သားများဖြင့် အစားထိုးဖြည့်ဆည်းနိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့သည် စက်တင်ဘာ ၁၄ ရက်က သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြပြီး ကနဦးအဆင့်အနေဖြင့် ဆောက်လုပ်ရေးနှင့် အခြားကဏ္ဍများအတွက် သီရိလင်္ကာနိုင်ငံသား ၁၀၀၀၀ ခေါ်ယူရန် သဘောတူခဲ့ကြသည်။

ထိုင်းနိုင်ငံသည် အဓိကစက်မှုလုပ်ငန်းများကို အထောက်အကူပြုရန် ပြည်ပနိုင်ငံများမှ လုပ်သားများအပေါ် အလွန်အမင်း မှီခိုအားထားနေရပြီး အဆိုပါလုပ်ငန်းများတွင် ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အိမ်တွင်းမှုရေးရာ ကိစ္စရပ်များစသည့် လုပ်ငန်းများပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော ပြည်ပလုပ်သားများတွင် လာအို၊ ကမ္ဘောဒီးယားစသည့်နိုင်ငံများမှ အများဆုံးဖြစ်သည်။ ကမ္ဘောဒီးယားလုပ်သား လျော့နည်းလာခြင်းက စီးပွားရေးကို ထိခိုက်စေနိုင်သည်ဟုဆိုကာ စီးပွားရေးလုပ်ငန်းရှင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

သဘောတူညီချက်အရ သီရိလင်္ကာလုပ်သားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်ပြီး လူကုန်ကူးမှုနှင့် တရားမဝင် အလုပ်လုပ်ကိုင်မှုကိုလည်း တားဆီးကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားရေးရာ ဝန်ကြီး ဂျူလာပွန် အမွန် ဗီဝပ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံးဒေသ၌ ရဟတ်ယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၆**

လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံးဒေသရှိ ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ နှစ်ခုအကြား စက်တင်ဘာ ၁၅ ရက် ညပိုင်းက ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ရဟတ်ယာဉ် ပျက်ကျမှုဖြစ်ပွားသည့် နေရာတွင် သုံးဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးကို ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း လော့စ်အိန်ဂျလိစ် မီးသတ်ဦးစီးဌာနက ပြောသည်။ အဆိုပါ ရဟတ်ယာဉ်သည် လော့စ်အိန်ဂျလိစ် မြို့လယ်ကောင်၏ အနောက်မြောက်ဘက် ၄၀ ကီလိုမီတာခန့် အကွာ ချက်စ်ဝါ့သ်ရပ်ကွက်၌ ဒေသစံတော်ချိန် ည ၇ နာရီ ဝန်းကျင်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။



အခင်းဖြစ်ပွားသည့် နေရာတွင် မီးသတ်သမား စုစုပေါင်း ၅၆ ဦးက ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး အခြား အဆောက်အအုံများသို့ ကူးစက်ပျံ့နှံ့ခြင်း မရှိခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် မော်တော်ယာဉ်လေးစီးနှင့် သိုလှောင်ကွန်တိန်နာ နှစ်လုံး ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည်။

နောက်ပိုင်းတွင် NBC4 သတင်းဌာနက ၎င်းတို့ရုပ်သံလိုင်း၏ သတင်းရိုက်ကူးရေး ရဟတ်ယာဉ်ဖြစ်ကြောင်းနှင့် သေဆုံးသူများတွင် သတင်းထောက် အယ်လီယာနာ မော်ရီနိုနှင့် လေယာဉ်မှူး ဂျော့မာစီနီတို့လည်း ပါဝင်ကြောင်း အတည်ပြုခဲ့သည်။

**ဆင်ဟွာ**

# Starship ဒုံးပျံကို ကမ္ဘာပတ်လမ်းကြောင်းသို့ ပထမဆုံးအကြိမ် လွှတ်တင်ရန် SpaceX ရည်မှန်း

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၆**

SpaceX ကုမ္ပဏီသည် အရွယ်အစားကြီးမားသည့် Starship ဒုံးပျံကို စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ်မည့် ၁၄ ကြိမ်မြောက် စမ်းသပ်ပျံသန်းမှုအတွင်း ကမ္ဘာပတ်လမ်းကြောင်းသို့ ပထမဆုံးအကြိမ် လွှတ်တင်ရန် ရည်မှန်းထားကြောင်း ကုမ္ပဏီက ကြေညာသည်။

လွှတ်တင်မည့်အချိန်မှာ နံနက် ၇ နာရီ ၁၅ မိနစ်တွင်ဖြစ်ပြီး ၇၅ မိနစ်ကြာမြင့်မည်ဟု SpaceX ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ တက္ကဆက်ပြည်နယ်ရှိ SpaceX ၏ Starbase မှ လွှတ်တင်မှု ပြုလုပ်သွားမည်ဖြစ်သည်။

ကမ္ဘာမြေမျက်နှာပြင်အထက် ၂၇၅ ကီလိုမီတာခန့် အကွာတွင် ကမ္ဘာပတ်လမ်းကြောင်း စမ်းသပ်ပျံသန်းမှုအစီအစဉ်ကို ပြုလုပ်သွားမည်ဖြစ်ပြီး ကမ္ဘာကြီးကို ခြောက်ပတ်ခန့် လှည့်ပတ်သွားမည်ဖြစ်ကာ ၁၀ နာရီနီးပါး ကြာမြင့်မည်ဖြစ်သည်။ ထို့နောက် ချီလီနိုင်ငံ အနောက်ပိုင်းရှိ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပြန်လည်ဆင်းသက်လာမည်ဖြစ်သည်။ **ဆင်ဟွာ**

# အရှေ့တောင်အာရှဒေသအများအပြား မြူခိုးများဖုံးလွှမ်းပြီး လေထုအရည်အသွေးကျဆင်းလာမှုကြောင့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုမြင့်တက်

**ကွာလာလမ်ပူ စက်တင်ဘာ ၁၆**

အရှေ့တောင်အာရှနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံရှိ တောမီးများမှ ထွက်ပေါ်လာသော မီးခိုးများ ဒေသတွင်းသို့ ဆက်လက်ပျံ့နှံ့နေသဖြင့် မြူခိုးများဖုံးလွှမ်းနေကြောင်းသိရသည်။

စင်ကာပူနိုင်ငံ၏ ကောင်းကင်ပြင်တွင်လည်း ထူထပ်သော မြူခိုးများ ရက်အတန်ကြာ ဖုံးလွှမ်းနေခဲ့သည်။ ယမန်နေ့က စင်ကာပူနိုင်ငံ၏ ဒေသကြီးငါးခုလုံး၌ လေထုအရည်အသွေးသည် ကျန်းမာရေးအတွက် မသင့်လျော်သည့်အဆင့်သို့ ကျဆင်းခဲ့ကြောင်း အစိုးရက ပြောကြားသည်။ ကုမ္ပဏီများနှင့် အားကစားအဖွဲ့အစည်းများသည် ပြင်ပတွင် ပြုလုပ်ရန်စီစဉ်ထားသည့် လှုပ်ရှားမှုအချို့ကို ဖျက်သိမ်းရန် စီစဉ်နေသည်။

အိမ်နီးချင်း မလေးရှားနိုင်ငံတွင်လည်း လေထုအရည်အသွေးမှာ ပိုမိုဆိုးရွားလာနေသည်။ အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ်သည် တောမီးများကြောင့် အဆိုးရွားဆုံးထိခိုက်သည့်ဒေသများအနက် တစ်ခုဖြစ်သည်။ ထိုဒေသရှိ ပြည်သူများအနေဖြင့် တောမီးနှင့် မြူခိုးများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများအပေါ် စိုးရိမ်မှုများ မြင့်တက်လာနေသည်။ **အင်န်အိတ်ချ်ကေ**

# အီးယူက ကနေဒါအား ပထမဦးဆုံးတွဲဖက်အဖြစ် လက်ခံရန် ဥရောပကော်မရှင်ဥက္ကဋ္ဌ အဆိုပြု

**ပါရီ စက်တင်ဘာ ၁၆**

ဥရောပသမဂ္ဂ (အီးယူ) ၏ ပထမဆုံး တွဲဖက်အဖွဲ့ဝင်အဖြစ် ကနေဒါနိုင်ငံကို လက်ခံနိုင်ရန် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က စက်တင်ဘာ ၁၆ ရက်တွင် အဆိုပြုခဲ့သည်။

လုံခြုံရေးဆိုင်ရာ ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရွှေ့ပြောင်းနေထိုင်သူများအပေါ် ပိုမိုတင်းကျပ်သည့် ထိန်းချုပ်မှုများနှင့် ကလေးငယ်များ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှုကို တင်းကျပ်စွာ တားမြစ်ခြင်းတို့အပါအဝင် အစီအစဉ်များစွာကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

စထရာစဘတ်မြို့တွင် ပြုလုပ်သည့် ဥရောပပါလီမန်တွင် မိန့်ခွန်းပြောကြားရာ၌ ဥရောပသမဂ္ဂနှင့် ကနေဒါနိုင်ငံတို့သည် ဘက်ပေါင်းစုံ ပါဝင်သည့် စီးပွားရေးနှင့် ကုန်သွယ်ရေး သဘောတူညီချက်အဆင့်မှ အနာဂတ်မဟာမိတ်အဖြစ်သို့ ဆက်ဆံရေးကို တိုးမြှင့်ရန်နည်းလမ်းများ ရှာဖွေနေသည်ဟု ဗွန်ဒါလီယန်က ပြောသည်။ **ဆင်ဟွာ**

# ဉာဏ်ရည်တုကျင့်ဝတ်ဆိုင်ရာ (၄) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာဖိုရမ် ကျင်းပ

**ရီယာ့ဒ် စက်တင်ဘာ ၁၆**

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ပူးတွဲကျင်းပသည့် ဉာဏ်ရည်တု (AI) ကျင့်ဝတ်ဆိုင်ရာ (၄) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာဖိုရမ်ကို ယမန်နေ့က ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ့်မြို့၌ ကျင်းပခဲ့ရာ ကိုယ်စားလှယ်များက AI ဖွံ့ဖြိုးတိုးတက်မှုကို ဘေးကင်းလုံခြုံရေးနှင့် တာဝန်ယူမှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

UNESCO ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် အာဆာ ရက်ဂ်နာက ဖွင့်ပွဲအခမ်းအနားတွင် AI သည် ယခင်က မတွေ့ကြုံဖူးသည့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော်လည်း AI ဆိုင်ရာ အုပ်ချုပ်စီမံမှုစနစ်များမှာ ယင်းအရှိန်အဟုန်ကို လိုက်မီရန် ရုန်းကန်နေရသည်ဟု ပြောကြားခဲ့သည်။




UNESCO ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် အာဆာ ရက်ဂ်နာ။

ရက်ဂ်နာက ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရန်နှင့် AI အုပ်ချုပ်စီမံမှုတွင် နိုင်ငံများအားလုံး တန်းတူညီမျှ ပါဝင်နိုင်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။ ထို့အပြင် ဖိုရမ်အနေဖြင့် AI ကျင့်ဝတ်ဆိုင်ရာ အခြေခံမူများကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် မည်သို့ဆောင်ရွက်မည်ကို ဆွေးနွေးသွားမည်ဟု ဆိုသည်။

ဆော်ဒီဒေတာနှင့် AI အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ အဗ္ဗဒူလာ ဘင် ရှာရက်ဖ်အယ်လ်ဂါမဒီကလည်း အခမ်းအနားတွင် နိုင်ငံများအနေဖြင့် ဘုံအခြေခံမူများကို အခြေခံ၍ AI အုပ်ချုပ်စီမံမှုကို ဆောင်ရွက်သင့်ပြီး တစ်ချိန်တည်းတွင် မိမိတို့နိုင်ငံ၏အမျိုးသားဦးစားပေးကဏ္ဍများနှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများနှင့် ကိုက်ညီအောင် မူဝါဒများကို ပြင်ဆင်ချမှတ်သင့်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဗီယက်နမ်၌ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများပြား

**ဟန္နိုင်း စက်တင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် ရေကြီးမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။ စပါးနှင့် အခြားကောက်ပဲသီးနှံများ စိုက်ပျိုးထားသည့် မြေဟက်တာပေါင်း ၁၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး မွေးမြူရေးတိရစ္ဆာန်ပေါင်း ၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက စက်တင်ဘာ ၁၆ ရက်တွင် ဖော်ပြထားသည်။


သန်ဟွာပြည်နယ်၊ ကွမ်ထရီပြည်နယ်နှင့် ဟူမြို့တို့တွင် အိမ်ခြေ ၁၀၀၀ နီးပါး ရေနစ်မြုပ်ခြင်းသို့မဟုတ် ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ဗီယက်နမ်သဘာဝဘေးနှင့် တာတမံစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောသည်။ ဒေသအတွင်းရှိ အမျိုးသားအဝေးပြေးလမ်းနှင့် ပြည်နယ်လမ်း ၁၁ ခုတွင် ရေနစ်မြုပ်မှု ဖြစ်ပေါ်နေသည့်အတွက် ယာဉ်အသွားအလာများ အနှောင့်အယှက်နှင့် အဟန့်အတားများ ဖြစ်ပေါ်ခဲ့ရသည်။ **ဆင်ဟွာ**

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှုကို မထိန်းချုပ်နိုင်သေး

**ကင်ရှာဆာ စက်တင်ဘာ ၁၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါကူးစက်မှုသည် ရောဂါဖြစ်ပွားသူနှင့် သေဆုံးသူ အရေအတွက် လျော့ကျလာသော်လည်း ထိန်းချုပ်နိုင်ခြင်းမရှိသေးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။ အဆိုပါ ရောဂါကူးစက်မှုသည် ထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ ဒေသအလိုက် ကူးစက်ပြန့်ပွားမှုအခြေအနေများလည်း ပိုမိုကွဲပြားလာနေသည်ဟု WHO အာဖရိကဒေသဆိုင်ရာရုံးက ၎င်း၏ နောက်ဆုံးအပတ်စဉ် အခြေအနေအစီရင်ခံစာတွင် ဖော်ပြထားသည်။ ရောဂါဖြစ်ပွားမှုကာလ အများစုတွင် အီတူရီပြည်နယ်သည် ရောဂါကူးစက်ပြန့်ပွားမှု၏ အဓိကဗဟိုချက်ဖြစ်ခဲ့ပြီး ယခုအချိန်အထိ အတည်ပြုလူနာစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းနီးပါးကို တွေ့ရှိထားသည်။ **ဆင်ဟွာ**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများလိမ်လည်ရောင်းချမှုမှ ဖမ်းဆီးရမိသည့် တရားခံများ အခြေပြဇယား




**❂ ကျောဖုံးမှ**

အမျိုးသား နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ မလေးရှားနိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း တရားခံ ၂၀ တို့ကို အွန်လိုင်းလိမ်လည်ရာတွင် အသုံးပြုသည့် Desktop Computer ၂၈ လုံး၊ Laptop Computer သုံးလုံး၊ ကွန်ပျူတာ System Box နှစ်လုံး၊ ဖုန်း ၈၁ လုံး၊ Tablet သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက် ၆၈ လမ်းနှင့် ၁၀၁ လမ်းထောင့်ရှိ တရားခံ အင်ခွန်ခါးတောမ်၏ “မက်ဒါလီနမွန် (MagDalenamoom) ကျောက်မျက်ရတနာရောင်းဝယ်ရေး” နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများအား လိမ်လည်ရောင်းချလျက်ရှိသော ကွင်းဆက်တရားခံများဖြစ်ကြသည့် အင်ခွန်ခါးတောမ်ပါ မြန်မာနိုင်ငံသား အမျိုးသမီး သုံးဦး၊ အမျိုးသား တစ်ဦးနှင့် တရုတ်နိုင်ငံသား အမျိုးသား လေးဦး စုစုပေါင်း တရားခံ ရှစ်ဦးတို့အား ဖုန်းမျိုးစုံ ၄၉၈ လုံး၊ Tablet တစ်လုံး၊ XL အမျိုးအစား Laptop တစ်လုံး၊ Computer System Board ငါးလုံး၊ Computer Monitor တစ်လုံး၊ ကျောက်စိမ်းဟုယူဆရသည့် လက်ကောက် ၁၅ ကွင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)အား စစ်ဆေးရာ ၎င်းသည် လိမ်လည်မှုများအား ခေါင်းဆောင်သူဖြစ်ပြီး အွန်လိုင်းလိမ်လည်မှုပြုလုပ်ရန် ဖုန်းမျိုးစုံ အလုံး ၅၀၀ ခန့်ကို လာအိုနိုင်ငံ နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် သယ်ယူခဲ့ကြောင်း၊ မဟာအောင်မြေမြို့နယ်ရှိ သုံးထပ်တိုက်၌ ကျောက်စိမ်းအချောထည်အတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လည်းကောင်း၊ တရားခံ အင်ခွန်ခါးတောမ်၏ ကျောက်မျက် အရောင်းခြံ၌ အရောင်တူကျောက် ၁၀ လုံးအား အိတ်များအတွင်း ထည့်၍ ၎င်းတို့၏ အဖွဲ့ဝင်များက ကံစမ်းသည့်ပုံစံဖြင့် သရုပ်ဆောင်ကာ Live လွှင့်ပြီး ရောင်းချ၍လည်းကောင်း၊ ကံစမ်းမဲ ပေါက်သူများအား ကျောက်စိမ်း အကြမ်းထည် တစ်အိတ် လက်ဆောင်ရရှိသဖြင့် ပေးပို့ရန် အခွန်အခပေးရမည်ဟု လည်းကောင်း လိမ်လည်၍ ငွေများ လက်ခံရယူပြီး Block ခဲ့ကြောင်း၊ လိမ်လည်ရာမှရရှိသည့် ငွေများအား အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံရှိ Bank Account များသို့ တိုက်ရိုက် ငွေလွှဲပေးပို့စေခဲ့ခြင်း ဖြစ်ကြောင်း၊ တရားခံ အင်ခွန်ခါးတောမ်သည် ၎င်း၏ နေအိမ်အား ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဆိုင် ဖွင့်လှစ်ပြီး တရုတ်နိုင်ငံသား Chen Xiao Dai (ချိန်ရှောင်းတိုက်)နှင့်အတူ အွန်လိုင်း အသုံးပြုကာ ကျောက်မျက်ရတနာ လိမ်လည်ရောင်းချသည့် အလုပ် လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာအတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များအား လိမ်လည်ရောင်းချသူ တရုတ်နိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ မြန်မာနိုင်ငံသား ၁၇ ဦး စုစုပေါင်း ၂၈ ဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချသည့်အမှုမှ ဖမ်းဆီးရမိသည့် ပြည်ပနိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦးတို့အား တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာများ လိမ်လည်ရောင်းချလျက်ရှိသည့် ပြည်ပနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# အလားအလာကောင်းများရှိသည့် ကွမ်းသီးပင် အခြေပြုထုတ်ကုန်များ

ဒေါက်တာ မောင်အောင်

*(ယမန်နေ့မှ အဆက်)*

**ကွမ်းသီးဖတ်ထုတ်ကုန်များထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ**

အိန္ဒိယနိုင်ငံက ကွမ်းဖတ်အခြေခံ ပန်းကန် ခွက်ယောက်အမျိုးမျိုး၊ ပါဆယ်ဘူး စသည်တို့ကို အများဆုံးထုတ်လုပ်နေပြီး ပြည်တွင်းဈေးကွက်ကို သာမက ပြည်ပဈေးကွက်ကိုပါ အများဆုံးတင်ပို့သူ လည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ကွမ်းဖတ် ထုတ်ကုန်စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းအသုံးပြုပြီး ၇၀ ရာခိုင်နှုန်းခန့်ကို တင်ပို့ နေခြင်းဖြစ်သည်။ ကွမ်းဖတ်ထုတ်ကုန်များ တင်ပို့ ခြင်းကို ၂၀၀၅ ခုနှစ်လောက်မှ စတင်ခဲ့ပြီး အနောက်နိုင်ငံများ၏ ဝယ်လိုအားကောင်းမှုကြောင့် စတင်နိုင်ခဲ့သည်။

ပလတ်စတစ်သုံးစွဲမှုကို တင်းကျပ်စွာ ကန့်သတ် ထားသည့် အနောက်နိုင်ငံများကို အဓိကတင်ပို့နေ ရပြီး အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ယူကေ၊ နယ်သာလန်၊ အစ္စရေးနိုင်ငံတို့က အများဆုံးဝယ်ယူ နေသည့် နိုင်ငံများဖြစ်သည်။ လယ်ယာထုတ်ကုန် များအနက် ကွမ်းဖတ်ထုတ်ကုန်များ၏ အမြတ်ရရှိ နိုင်မှု ရာခိုင်နှုန်းမှာ ၃၀၀ ရာခိုင်နှုန်းထက်ကျော် လွန်သည့်အတွက် အထူးကောင်းမွန်သည့် လုပ်ငန်း ဖြစ်သလို နိုင်ငံတကာ၏ ကြိုက်နှစ်သက်မှု နှင့် ဝယ်လိုအားမြင့်တက်နေမှုကလည်း အိန္ဒိယ ကွမ်းဖတ်ထုတ်ကုန်များ စဉ်ဆက်မပြတ်တိုးတက် စေပါသည်။ အကြမ်းဖျင်းအားဖြင့် အိန္ဒိယနိုင်ငံ၏ ကွမ်းဖတ်ထုတ်ကုန်ပို့ကုန်တန်ဖိုးသည် လက်ငင်း နှစ်များအတွင်း ကမ္ဘာ့စုစုပေါင်းပို့ကုန်တန်ဖိုး၏ ထက်ဝက်ကျော်ရှိနေပြီး ဝင်ငွေအနေဖြင့် နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဝန်းကျင်ရရှိပါသည်။

အိန္ဒိယကွမ်းဖတ်ပို့ကုန်များ လွှမ်းမိုးနေသည့် ကမ္ဘာ့ဈေးကွက်တန်ဖိုးသည် ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၄၀၃ သန်းရှိပြီးလာမည့် ၂၀၃၄ ခုနှစ်တွင် ဈေးကွက်တန်ဖိုး ဒေါ်လာ ၈၃၀ ဝန်းကျင် ရောက်ရှိ လာမည်ဟု တွက်ချက်ထားပါသည်။ ၁၀ နှစ်အတွင်း တန်ဖိုး နှစ်ဆတိုးလာစေမည့် အဓိကအကြောင်း ရင်းများမှာ ကမ္ဘာ့နိုင်ငံများအနေဖြင့် ပလတ်စတစ် အသုံးပြုမှု ကန့်သတ်မှုများ တိုးချဲ့ပြုလုပ်လာခြင်း နှင့်အတူ တစ်ဖက်တွင်တည်း စားသုံးသူများအနေ ဖြင့် ကွမ်းဖတ်အသုံးအဆောင်ပစ္စည်းများ၏ အသုံး ဝင်မှုကို ပိုမိုသိရှိလာမှုကြောင့် ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် ကွမ်းဖတ်ထုတ်ကုန်ပို့ကုန်များ ကို အိန္ဒိယပြီးလျှင် အခြားတင်ပို့သည်များမှာ သီရိလင်္ကာ၊ စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်၊ မလေးရှားနှင့် တောင်ကိုရီးယား စသည်တို့ဖြစ် သည်။ တစ်ဖက်တွင်လည်း ကွမ်းဖတ်ထုတ်ကုန် အများဆုံးဝယ်ယူသူမှာ အမေရိကန်ပြည်ထောင်စု ဖြစ်ပြီး ဒေါ်လာ ၄၅ သန်းဝန်းကျင်၊ ထို့နောက်တွင် ဂျာမနီ၊ ပြင်သစ်၊ ယူကေ၊ နယ်သာလန်၊ စပိန်၊ ဩစတြေးလျ၊ အစ္စရေး၊ ကနေဒါ၊ ဂျပန်၊ စင်ကာပူ၊ ကင်ညာနှင့် မလေးရှား စသည်တို့ဖြစ်သည်။

ကမ္ဘာ့ဒေသကြီးများအလိုက် ကွမ်းဖတ် ထုတ်ကုန် ဒုတိယအများဆုံးဝယ်ယူသူမှာ ဥရောပ နိုင်ငံများဖြစ်သည်။ တတိယဝယ်ယူမှု အများဆုံးမှာ အာရှ-ပစိဖိတ်ဒေသနိုင်ငံများဖြစ်ပြီး ထုတ်လုပ်မှုအရ ကြည့်လျှင် အများဆုံးထုတ်လုပ်နေသလို အများဆုံး အသုံးပြုသည့် ဒေသကြီးဖြစ်သည်။ ထူးခြားသည်မှာ လက်ရှိနှစ်များအတွင်း အသုံးပြုမှုနှုန်း အခြားဒေသ များထက် များသောကြောင့် အာရှ-ပစိဖိတ်နိုင်ငံများ ၏ဝယ်ယူမှု ယခင်ကထက် ပိုများလာမည်ဖြစ်သည်။

အထူးသဖြင့် အိန္ဒိယ၊ တရုတ်၊ ဂျပန်တို့၏ တိုးတက်မှုနှုန်းများက ၈ ရာခိုင်နှုန်းကျော်ရှိသည့် အတွက် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်သည်။ ထို့အတူ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အာဖရိကနိုင်ငံများ ၏ ဝယ်ယူအသုံးပြုမှုအပိုင်းမှာလည်း သင့်တင့်သည့် တိုးတက်နှုန်းရှိသောကြောင့် ကွမ်းပင် ပေါများသည့် နိုင်ငံများအတွက် စီးပွားရေးအခွင့်အလမ်းကောင်း ပင်ဖြစ်သည်။

ကွမ်းဖတ်ထုတ်ကုန်များ အသုံးပြုမှုကို ယေဘုယျအားဖြင့် အိမ်ထောင်စုများအသုံးပြုမှုနှင့် စီးပွားရေးလုပ်ငန်းအသုံးပြုမှုဟူ၍ နှစ်ပိုင်း ခွဲခြား ထားပြီး စီးပွားရေးအသုံးပြုမှုတွင် စားသောက်ဆိုင် များ၊ စားသောက်ကုန်ပို့ဆောင်သည့် လုပ်ငန်းများ၊ ဟိုတယ်ကြီးများ စသည်တို့၏ အသုံးပြုမှုများအကျုံး ဝင်ပြီး စုစုပေါင်း ထုတ်ကုန်၏ ၆၀ ရာခိုင်နှုန်းဝန်းကျင် ရှိသည်။ ကျန် ၄၀ ရာခိုင်နှုန်းမှာ အိမ်ထောင်စုများ၏ အသုံးပြုမှုဖြစ်ပြီး စားပွဲတင် ပန်းကန် ခွက်ယောက် အမျိုးမျိုး၊ ဇွန်း၊ ခက်ရင်း၊ မိသားစုပြုလုပ်သည့် ပွဲလမ်းများ၊ ပျော်ပွဲစားထွက်ခြင်း စသည်တို့တွင် အဓိကအသုံးပြုလေ့ရှိသည်။

**မြန်မာ့ကွမ်းဖတ်ထုတ်ကုန်များ၏ လက်ရှိအခြေအနေနှင့်အလားအလာ**

မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်ဖြစ် သည့် ကွမ်းပင်များပေါများမှုကြောင့် ထုတ်ကုန်များ ဖြစ်သည့် ကွမ်းသီးနှင့် ကွမ်းဖတ်ထုတ်ကုန်များ ပြုလုပ်နိုင်ပြီး ကွမ်းသီးပို့ကုန်မှာ ဒုတိယအများဆုံး အဆင့်အထိ ရှိနေပြီဖြစ်သော်လည်း ကွမ်းဖတ် ထုတ်ကုန်များနှင့် ပတ်သက်၍ ထုတ်လုပ်မှု မကျယ် ပြန့်သေးသလို ပုံမှန်တင်ပို့မှုလည်း မပြုလုပ်နိုင်သေး ပေ။ အမှန်တကယ်မှု သဘာဝရေမြေအခြေအနေ အရ ကွမ်းပင်အများစုမှာ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများတွင်သာ စိုက်ပျိုးဖြစ်ထွန်း သည့်အတွက် ကုန်ကြမ်းသွင်းအားစု ရရှိနိုင်မှုမှာ အခြားနိုင်ငံများ မရနိုင်သောကြောင့် မြန်မာအပါ အဝင် အဆိုပါနိုင်ငံများအတွက် အထူးအခွင့်အလမ်း တစ်ရပ်ပင်ဖြစ်သည်။

> **“ ကွမ်းဖတ်ထုတ်ကုန်ပို့ကုန်များအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ သတ်မှတ်ချက်များမှာ စားသောက်ကုန်များအပေါ် တင်းကျပ်မှုမရှိသော်လည်း အဆိုပါထုတ်ကုန်များနှင့်ပတ်သက် ၍ သန့်ရှင်းမှု၊ အစိုဓာတ်ကင်းစင်မှု၊ ကျစ်လျစ်စွာထုပ်ပိုးမှု၊ ပိုးမွှားကင်းစင်မှု စသည်တို့ ပြည့်စုံရမည်ဖြစ်သည်။ ထို့ပြင် ဓာတုဓာတ်ကင်းပြီး အလိုအလျောက်မြေဆွေးအဖြစ် ပြောင်းလဲနိုင်မှုအချက်နှင့် ပြည့်စုံရန်လို ”**

လက်တွေ့အခြေအနေတွင် ကွမ်းဖတ်အခြေပြု ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုကြသေးသည့် အတွက် ရိုးရာအစဉ်အလာအရ အလွယ်တကူသုံးရ သည့် ပလတ်စတစ်အိတ်များ၊ ပေါ်လီမာ စသည်တို့ ကိုသာ အဓိက သုံးစွဲနေခြင်းကြောင့်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မိမိတို့၏ ရေရှည်တည်တံ့ သည့် ပတ်ဝန်းကျင်ကောင်းကို အားလုံးဝိုင်းဝန်း ထိန်းသိမ်းရမည်ဆိုသည့် အသိနှင့် ဓာတုဓာတ် ကင်းစင်ပြီး သဘာဝထုတ်ကုန်များ အသုံးပြုခြင်းက ကျန်းမာရေးကိုပါ အထောက်အကူပြုသည်ဆိုသည့် အသိများ အားနည်းနေသေးသောကြောင့်ဖြစ်သည်။

အခြားတစ်ဖက်မှ ကြည့်လျှင် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ အသိပိုမိုရှိသည့် ဖွံ့ဖြိုးပြီး နိုင်ငံ များရှိ အိမ်ထောင်စုများအနေဖြင့် လည်းကောင်း၊ စားသောက်ကုန်စီးပွားရေး လုပ်ငန်းများအနေဖြင့် လည်းကောင်း ပိုမိုအသုံးပြုလာနေမှုနှင့်အတူ အဆိုပါ နိုင်ငံများ၌ အစိုးရများအနေဖြင့်လည်း ပတ်ဝန်းကျင် ကို ထိခိုက်စေသည့် ပလတ်စတစ်အသုံးပြုမှုကို ကန့်သတ်မှုများ ထိရောက်စွာလုပ်လာသည့်အတွက် အဆိုပါအစားထိုးကွမ်းဖတ်ထုတ်ကုန်များ၏ ဝယ်အား နှင့် ဈေးနှုန်းအမြင့်တွင် ရှိနေမည်သာဖြစ်သည်။

ဆိုလိုသည်မှာ နိုင်ငံတော်ကလည်း ပတ်ဝန်းကျင် ကောင်းကို ထိန်းသိမ်းနိုင်ရန် အခြားနိုင်ငံများနည်းတူ ပလတ်စတစ်ပစ္စည်းများ အသုံးပြုမှု လျှော့ချနိုင်ရေး ကန့်သတ်ခြင်းနှင့်အတူ ပြည်သူလူထုအကြား ကွမ်းဖတ်ထုတ်ကုန်များ၏ ကောင်းမွန်သည့်အချက် များကိုပါ ဆိုရှယ်မီဒီယာများမှတစ်ဆင့် ပျံ့နှံ့ အောင် လုပ်ဆောင်ပြီး ကွမ်းဖတ်အခြေခံထုတ်ကုန် များ တိုးချဲ့ထုတ်လုပ်သုံးစွဲသင့်ပါသည်။ ကွမ်းဖတ် ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ပြီး အစားထိုးခြင်းဖြင့် ပလတ်စတစ်ကုန်ကြမ်းဖြစ်သည့် ကော်စေ့တင်သွင်း မှုအတွက် နိုင်ငံခြားငွေသုံးစွဲမှုကို လျော့ကျစေမည် ဖြစ်သည်။

**လုပ်ဆောင်သင့်သည့်လုပ်ငန်းပုံစံ**

ကွမ်းဖတ်အခြေပြုထုတ်ကုန်များ ထုတ်လုပ်မှု က ရိုးရှင်းလွယ်ကူပြီး ပထမအဆင့်အနေဖြင့် သဘာဝအရ ကြွေကျသည့် ကွမ်းသီးဖတ်များ စုဆောင်း၍ ရေဖြင့်ဆေးကြောသန့်စင်ကာ နေရောင် ခြည်တွင် အခြောက်လှန်းပါသည်။ ပြီးလျှင် ပန်းကန် ခွက်ယောက်ပုံစံ ဒီဇိုင်းအမျိုးမျိုးပါသည့် မိုတွင် မြင့်မားသောအပူချိန်ဖြင့် ပုံသွင်းစေခြင်းဖြင့် ရရှိနိုင် ပါသည်။ လုပ်ငန်းစတင်ကတည်းက ထားရှိရမည့် ရည်မှန်းချက်မှာ နိုင်ငံတကာဈေးကွက်ကို တင်ပို့ ရောင်းချနိုင်ရန်ဆိုသည့် ဦးတည်ချက်ထားရမည် ဖြစ်၍ အသုံးပြုမည့် ဒီဇိုင်းမှစ၍ စက်ကိရိယာများပါ ခေတ်မီရပါမည်။

ထို့အတူ ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များပြီး ဝယ်လိုအားနှင့် ဈေးနှုန်းကောင်းသည့် ပန်းကန် ခွက်ယောက်များ၊ ဒီဇိုင်းများနှင့် လာမည့်ကာလများ တွင် လူကြိုက်များနိုင်မည့် ထုတ်ကုန်အလားအလာ နှင့် ဒီဇိုင်းများ၊ ဆန်းသစ်မှုများ လေ့လာပြီးမှ ထုတ်လုပ်မှုလုပ်ငန်း စတင်သင့်ပါသည်။ ယခင်ရှိခဲ့ သည့် ကွမ်းဖတ်ထုတ်ကုန်များ၏ အားသာချက်၊ အားနည်းချက်များ လေ့လာဖို့လိုသလို ပြည်ပ ဈေးကွက်ဝင်ရောက်နိုင်မှု အားနည်းချက်များကို လည်း သိရှိအောင်လေ့လာပြီး ပြင်ဆင်ရမည်ဖြစ် သည်။ ယေဘုယျအားဖြင့် လက်ရှိမြန်မာ့ ကွမ်းဖတ် ထုတ်ကုန်များ၏ အဓိကအားနည်းချက်မှာ အရည် အသွေးဆိုင်ရာ အားနည်းချက်များရှိသလို ဒီဇိုင်းပိုင်း တွင်လည်း လိုအပ်ချက်များ ရှိနေသေးခြင်းဖြစ်သည်။

အမြင်လှပမှု၊ သေသပ်မှု၊ တစ်သမတ်တည်းရှိမှု စသည့် အချက်များကို အထူးဂရုထားရပါမည်။ ဆိုလိုသည်မှာ မိမိထုတ်ကုန်သည် ပြည်တွင်း ဈေးကွက်ကိုသာမက ပြည်ပ ဈေးကွက်ရောက်ရှိ အောင် လုပ်ဆောင်မှသာ ရေရှည်တိုးတက်မှု မျှော်မှန်းနိုင်မည်ဖြစ်သည်။ အရည်အသွေးပိုင်း၊ ဒီဇိုင်း၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကိုက်ညီပြီဆိုလျှင် ပြိုင်ဆိုင်ရမည့်အချက်မှာ ဈေးနှုန်း ပင်ဖြစ်သည်။ လက်ငင်းကာလများအတွင်း ကမ္ဘာ့ ဈေးကွက်တွင် အဝယ်အများဆုံးကွမ်းဖတ်ပန်းကန် ပြားအဝိုင်း (၉ လက်မ မှ ၁၂ လက်မ) ၏ ပေါက် ဈေးနှုန်းမှာ ဈေးကွက်အလိုက်ကွာခြားမှုရှိသည်ဆို သော်လည်း ပျမ်းမျှအားဖြင့် အမေရိကန် (၁ ဒေါ်လာ မှ ၂ ဒေါ်လာ)အတွင်း ရှိသည့်အတွက် ပြည်တွင်း ထုတ်လုပ်မှုစရိတ်အပေါ် မူတည်ပြီး အခြားသယ်ယူ ပို့ဆောင်စရိတ်နှင့် စက်မှုထုတ်လုပ်မှုစရိတ်များ တက်လာသည့်တိုင် ကွမ်းဖတ်ပန်းကန်ပြားတစ်ချပ် ၏ ထုတ်လုပ်မှုရာဂဏန်းသာရှိ၍ ပြည်ပဈေးနှုန်း ယှဉ်ပြိုင်နိုင်ရန် အလားအလာကောင်းများ ရှိနေပါ သည်။

တစ်ဆက်တည်းမှာပင် ကွမ်းဖတ်ထုတ်ကုန် ပို့ကုန်များအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ သတ်မှတ်ချက်များမှာ စားသောက်ကုန်များအပေါ် တင်းကျပ်မှုမရှိသော်လည်း အဆိုပါထုတ်ကုန်များနှင့် ပတ်သက်၍ သန့်ရှင်းမှု၊ အစိုဓာတ်ကင်းစင်မှု၊ ကျစ်လျစ်စွာထုပ်ပိုးမှု၊ ပိုးမွှားကင်းစင်မှု စသည်တို့ ပြည့်စုံရမည်ဖြစ်သည်။ ထို့ပြင် ဓာတုဓာတ်ကင်းပြီး အလိုအလျောက် မြေဆွေးအဖြစ်ပြောင်းလဲနိုင်မှု အချက်နှင့် ပြည့်စုံရန်လိုပြီး နိုင်ငံအလိုက် ပြဋ္ဌာန်း ထားသည့် ဘေးကင်းလုံခြုံမှု– ဥပမာ အမေရိကန် ပြည်ထောင်စုဆိုလျှင် USFDA (သို့) ဥရောပနိုင်ငံများ ဆိုလျှင် Food Control Safety Certification များ လိုအပ်မည်ဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံဆိုလျှင် (GACC) Certification လိုအပ်မည်ဖြစ်သည်။ ဘေးကင်းလုံခြုံမှု တိုးမြှင့်နိုင်ရန်အတွက် ကွမ်းဖတ် ထုတ်ကုန် အင်းဆက်ပိုးမွှားအမျိုးမျိုးကို အကာ အကွယ်ပေးသည့် စက္ကူအပါးနှင့် ဖုံးအုပ်ထားခြင်း ကိုလည်း အသုံးပြုမှုများရှိလာသည်။

အထူးသတိပြုရမည်မှာ ရေကြောင်းခရီးဖြင့် အချိန်ကြာမြင့်သည့်အတွက် ထုပ်ပိုးရာတွင် လေဟာ နယ်မရှိစေရန် အဆင့်မြင့်သည့်ထုပ်ပိုးမှု ပြုလုပ်ရ မည်ဖြစ်သည်။ နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ဒီဂျစ်တယ် မားကတ်တင်းစနစ် ကျင့်သုံးရန်လိုသလို e-commerce နှင့် online shopping ကိုပါ လုပ်ဆောင်ပြီး နိုင်ငံတကာရှိ ကုန်တိုက်ကြီးများ၊ အရောင်းစင်တာများနှင့် တိုက်ရိုက်ချိတ်ဆက်မှုများ ဖြင့် လည်းကောင်း၊ B to B ဆိုသည့်လုပ်ငန်းချင်း ချိတ်ဆက်မှုကွန်ရက်မှလည်းကောင်း၊ နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် ပြသပြီး ရောင်းဝယ်မှုများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း စသည့် နည်းလမ်း ပေါင်းစုံဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ အရေး အကြီးဆုံးမှာ မှန်ကန်သောအရည်အသွေး၊ အမြင် ဆန်းသည့် ဒီဇိုင်း၊ သတ်မှတ်ဘေးကင်းလုံခြုံမှုရှိခြင်း နှင့် နှိုင်းယှဉ်ဈေးနှုန်းသက်သာမှုတို့ရှိလျှင် မြန်မာ့ ကွမ်းဖတ်ထုတ်ကုန်များအတွက် ပြည်ပဈေးကွက် ရရှိရန် သေချာပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် သဘာဝအရ ပေါကြွယ်ဝသည့်ကွမ်းပင်များမှ ထွက်ရှိ သည့် ကွမ်းသီးနှင့် ကွမ်းဖတ်ထုတ်ကုန်များသည် ယခုအခါ ကမ္ဘာ့ဝယ်အားနှင့် ဈေးနှုန်းပါ တက်လာ နေပြီဖြစ်၍ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ(PPP) ဖြင့်သာ လုပ်ဆောင်မည်ဆိုလျှင် အဆိုပါဒေသများရှိ ပြည်သူလူထု၏ လူမှုစီးပွားရေးသာမက ကွမ်းခြံ ပိုင်ရှင်နှင့် လုပ်သားများ၊ ထုတ်လုပ်သူများနှင့် တင်ပို့ သူများပါ စီးပွားရေးအကျိုးကျေးဇူးရရှိနိုင်မည်ဖြစ် သလို နိုင်ငံဝင်ငွေ(GDP)ကိုပါ အတိုင်းအတာတစ်ခု အထိ ဖြည့်စွမ်းနိုင်သည့်အတွက် အမြန်အကောင် အထည်ဖော် လုပ်ဆောင်သင့်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း**


ACEBA : Circular economy business case studies in Southeast Asia (2017–24) https://aceba.co

MOI : Myanmar’s young areca nuts market develops…(2024) https://www.moi.gov.mm

OEC : The Observatory of Economic Com–plexity, Nuts edible, areca nuts or fresh or dried,… https://www.oec.world

Industry research : Areca leaf plate market overview, 2026 https://www.industryresearch.biz…

FBI : Fortune Business Insight, 2026–2034 https://www.fortunebusinessinsight.com

Arbhu Enter–prises : What is the scope for the export of areca leaf plate? https://www.arthuenterprises.com, 2020

Sriagro: Top Areca Palm Leaf Plate Supplier and Manufacturer for Global Export, 2026 https://sriagro.com

## ကွန်ဒိုခန်းရောင်းမည်

ဝရန်တာ၊ အိမ်အတွင်း မည်သည့်နေရာကမဆို ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်နိုင်သော အခန်း ရောင်းမည်။ ပြည်လမ်းမဘေး သွားရေး လာရေး လွယ်ကူပြီး အချက်ခြာကျ၊ နေရာကောင်း၊ စိန်ရတုခန်းမရှေ့၊ နိုဗိုတယ်ဟိုတယ်၊ ဆေးတက္ကသိုလ်–၁၊ လှည်းတန်းစင်တာအနီး၊ 1590 စတုရန်းပေ၊ Master bed room–1 ၊ Bed room–2 ၊ Air con အခန်းတိုင်းပါ၊ ခန်းဆီးလိုက်ကာ တပ်ဆင်ပြီး၊ မီး ၂၄ နာရီရ၊ အင်ဗာတာအကြီးပါ(အားသာချက်)၊ ဝရန်တာ ၃ ခုပါ၊ ပြင်ဆင်ပြီး အသင့်တက်နေရုံ၊ ဓာတ်လှေကား ၂၄ နာရီရ၊ ရုံးခန်းဖွင့်ရန်၊ လူနေရန်သင့်၊ သိန်း 10000 ဝန်းကျင်ရှိသောတိုက်ခန်းကို **7900 သိန်း** ဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ကျေးဇူးပြု၍ ဆက်သွယ်ရန်ဖုန်း – 09677959677 ၊ 09690615544**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဒုတိယရဲအုပ်လောင်း (အမျိုးသား၊ အမျိုးသမီး) များ ခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၂၃၄၀၀၀–၂၀၀၀–၂၄၄၀၀၀) ဖြင့် ဒုတိယရဲအုပ်လောင်း (အမျိုးသား၊ အမျိုးသမီး)များအဖြစ် လျှောက်ထားနိုင်သည်။

၂။ ဒုတိယရဲအုပ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယရဲအုပ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

၃။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (**လူပျို/အပျို**) ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(ဂ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ အင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့ ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိ လျှောက်ထားနိုင်သည်။

(ဃ) **ပြည်သူ့စစ်မှုထမ်း တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပုံစံ–၁၂ လက်မှတ်ရရှိသူများသည်** ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် ၂၈ နှစ်ထက် မကျော်လွန်စေရ။ အင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၃၃ နှစ်အထိ လျှောက်ထားနိုင်သည်။

(င) (အမျိုးသား)များအတွက် အရပ်အမြင့် ၅ ပေ ၄ လက်မ၊ ရင်အုပ်နဂိုနေ ၃၂ လက်မ နှင့် ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(အမျိုးသမီး)များအတွက် အရပ်အမြင့် ၅ ပေ ၃ လက်မ နှင့်ကိုယ်အလေးချိန်အနည်းဆုံး ၉၅ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(စ) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

၄။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ၁၅–၉–၂၀၂၆ ရက်မှစ၍ ထုတ်ယူ လျှောက်ထားနိုင်ပြီး ၁၅–၁၀–၂၀၂၆ ရက်နောက်ဆုံးထား လျှောက်ထားရမည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ–

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ။

(ခ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။

(ဂ) အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ကြောင်း ဝန်ခံချက်။

(ဃ) ဒုတိယရဲအုပ်လောင်း သင်တန်းပြီးဆုံးပါက ဒုတိယရဲအုပ်အဆင့်တွင်လည်းကောင်း၊ ရဲအုပ်အဆင့်တွင် လည်းကောင်း၊ အနည်းဆုံး ၅ နှစ်မပြည့်မီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နှုတ်ထွက်ခွင့်တင်ပြခြင်းမပြုကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်။

(င) ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံ (၁.၃" x ၁.၅" နောက်ခံအပြာရောင်)။

(စ) အလုပ်သမားမှတ်ပုံတင် မိတ္တူ။

(ဆ) တပ်မတော်ဆေးရုံ၊ ပြည်သူ့ဆေးရုံတို့မှ ပမာဏဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်။

(ဇ) ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ ရေးဖြေစာမေးပွဲ ဖြေဆိုရန် နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများမှတစ်ဆင့် အကြောင်းကြားပါမည်။

၇။ ရေးဖြေစာမေးပွဲ ဖြေဆိုရာတွင် အသက်စိစစ်အတည်ပြုရန် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်(မူရင်း)၊ ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်မူရင်း (ဘွဲ့နှင်းသဘင် မကျင်းပရသေးပါက ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာမူရင်း) တင်ပြနိုင်ရမည်။

၈။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်မှသာ ဒုတိယရဲအုပ်လောင်းရွေးချယ်ရေးအဖွဲ့တွင် စစ်ဆေးခံရမည် ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့နေ ဦးအောင်ကျင် (၇/ကကန(နိုင်)၀၈၇၃၂၈) နှင့် ဦးအောင်ကြင် မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ကျင်(ခ)ဦးအောင်ကြင်**

### အများသိရှိနိုင်ပါရန် နှင့်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ ကွင်းအမှတ်(၆၅၂)၊ ကွင်းအမည်–အလယ်ရွာကွင်း၊ ဦးပိုင်အမှတ်–(၆၄/ဆ)၊ ဧရိယာ(၄.၀၄)ဧက အတွင်းမှ ဧရိယာ(၃.၆၉)ဧကအကျယ်ရှိ မြေမှာ ဦးမြင့်ဦး အမည်ဖြင့် ၃၀(ခ)ရရှိထားသည့် မြေကွက်အနက်မှ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ အမှတ်(၂၇)မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် သက်ဆိုင်သော ဖခင်ဖြစ်သူ ဦးမြင့်ဦး မှာ(၁–၆–၂၀၁၃)ရက်နေ့တွင် ကွယ်လွန်ပြီး ဇနီးဖြစ်သူ ဒေါ်အမာရီ(ခ)ဒေါ်မြင့်မြင့်ကြည်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၂၈/၂၀၁၆)ဖြင့် ဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ မိမိတို့၏ မိခင်ဖြစ်သူ ဒေါ်အမာရီ(ခ)ဒေါ်မြင့်မြင့်ကြည်မှာ (၁၆–၂–၂၀၂၄) ရက်နေ့တွင် ထပ်မံကွယ်လွန်သွားသဖြင့် ဦးမြင့်ဦးနှင့် ဒေါ်အမာရီ(ခ) ဒေါ်မြင့်မြင့်ကြည်တို့၏ သားသမီးများဖြစ်သည့် ဒေါ်မေမြတ်မွန်ဦး(၁၂/သလန(နိုင်)၀၇၉၆၃၃)၊ဒေါ်ဇင်ဇင်မြင့်(၁၂/သလန(နိုင်)၀၉၆၇၈၇)၊ ဦးအောင်သူ(၁၂/သလန(နိုင်)၁၀၅၆၉၃)တို့(၃)ဦးမှ အမွေဆက်ခံသူများအဖြစ် ကျန်ရှိနေခဲ့ပါသည်။ မိမိတို့(၃)ဦးမှလွဲ၍ အခြားအမွေစား အမွေခံ ကိတ္တိမသားသမီးများ မကျန်ရှိပါ။ အဆိုပါမြေများနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်မေမြတ်မွန်ဦး** | **ဒေါ်သဲဆုဇာခြည်သိမ့်** |
| **ဒေါ်ဇင်ဇင်မြင့်** | **LL.B,D.B.L,D.I.L, (W.I.P.O–Switzerland)** |
| **ဦးအောင်သူ** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၄၆)** |
| | **အမှတ်(၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း–၀၉–၇၉၆၉၆၃၆၅၁၊ ၀၉–၄၄၅ ၉၇၉ ၁၂၆** |

### မွေးသက္ကရာဇ်အမှန်၊ မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၇)၊ Grade–12မှ မနန်းအိန္ဒြေ ၂/လကန (နိုင်) ၁၂၉၂၀၅၏ မွေးသက္ကရာဇ် အမှန်မှာ (၇–၄–၂၀၀၇)ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်စိန်မြ (ခ) ဒေါ်ဘဲပေ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(ခွဲ) ပျဉ်းပင်လှတွင် ပညာသင်ကြားနေသော Grade–8 မှ မယုမြတ်နိုး၊ Grade–6 မှ မအိဆောင်းငယ်၊ Grade–5 မှ မမေမြင့်မိုရ်ခင် တို့၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်း ၅/ဒပယ(နိုင်)၁၀၁၂၁၄ ဖြစ်ပါကြောင်း။

**ဦးမြတ်မင်း**

### ပတ်စ်ပို့ပျောက်

ရပ်စောက်မြို့၊ မားသဲကျေးရွာအုပ်စု၊ ဆင်တောင်ကျေးရွာနေ (ဘ)ဦးစိုင်း ဖြစ်၏သမီး သိန်းပန်းဇော် ၁၃/ရစန (နိုင်)၁၀၇၆၀၂၏ နိုင်ငံကူး လက်မှတ် အမှတ်(ME–837838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၀၉၀၆၁၀၀**

### မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၇) Grade–12မှ မောင်ထွန်းကျော် ၁၃/ဖခန (နိုင်) ၀၉၉၇၀၇၏ မိခင်အမည်မှန်မှာ ဒေါ်စိန်မြယဉ် (ခ) ဒေါ်မူရင် ဖြစ်ပါကြောင်း။

### အမည်မှန်

အဖ ဦးထွန်းမင်းနှင့် အမိ ဒေါ်သီရိချို တို့၏သား၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ် အထက (ခွဲ) ပျဉ်းပင်လှ Grade–4 တန်းတွင် ပညာသင်ကြားနေသော မောင်ပြည့်စုံဟိန်း၏ အမည်မှန်မှာ မောင်ဖြိုးမင်းပိုင် ဖြစ်ပါကြောင်း။

**မောင်ဖြိုးမင်းပိုင်**

### မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၇) Grade–12မှ မောင်တင်ဝင်းအောင် ၁၃/ ဖခန(နိုင်) ၀၉၈၂၆၄၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်ထွေး (ခ) ဒေါ်စိန်ထွေး ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၇) Grade–12 မှ မသီရိမာ ၁၃/ဖခန(နိုင်) ၀၉၉၇၆၈၏ မိခင်အမည်မှန်မှာ ဒေါ်မူနိုင် (ခ) ဒေါ်ယူစပိနာ ဖြစ်ပါကြောင်း။

### ဖခင်နှင့်မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(ခွဲ)စကြီး Grade–12 တွင် ပညာသင်ကြားနေသော မချောစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလှိုင် ၈/မထန(နိုင်)၀၃၆၀၄၆နှင့် မိခင်အမည်မှန်မှာ ဒေါ်အေးရွှေ ၈/ကမန(နိုင်) ၀၁၀၆၂၅ ဖြစ်ပါကြောင်း။

**ဦးဆန်းလှိုင်–ဒေါ်အေးရွှေ**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA–III/ကွက်ပြင်–၃)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ(၆.၀၇)ဧကရှိ မြေကွက်အား သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားနိုင်ရေး သတ္တမမြောက်ဥပုသ်အသင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### မိခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၇) Grade–12မှ မောင်ညွှန့်ဝင်း ၁၃/ဖခန (နိုင်) ၀၉၉၆၇၀၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လှရီ (ခ) ဒေါ်မူလှ ဖြစ်ပါကြောင်း။

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ–၁၅)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၁x၆၂ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရွှေကျီးလိန် ၁၃/လရန(နိုင်)၀၆၉၃၄၉၏ (SP ရရှိသူ ဦးဝင်းမောင်)က အမှုတွဲအမှတ် (၂၄၁၁/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက (၇) Grade–12မှ မအုန်းစနေထွေး ၁၃/ဖခန (နိုင်) ၀၉၉၇၁၆၏ မိဘအမည်မှန်မှာ ဦးသောင်းအေး(ခ) ဦးသောင်းရီ –ဒေါ်ငါးမြ(ခ) ဒေါ်ငိုက်မူ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁က၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ်(၇၄+၇၅+၇၆)၊ မြေဧရိယာ (၀.၁၆၅)ဧကရှိမြေကွက်သည် မူလက ဦးလုံဂျုံတူးရော် အမည်ဖြင့် (၃၀–၁၀– ၂၀၁၇)ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၁၄–၉–၂၀၀၆)ရက်တွင် ဦးလုံဂျုံတူးရော်ထံမှ ဒေါ်ဂျာဆိုင်းခေါန်(ခ) မရန်ဂျာဆိုင်းခေါန်က နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးပိုင်(၇၄)၊ မြေဧရိယာ(၀.၀၅၅)ဧကအပိုင်းကို (၁၂–၃–၂၀၂၂) ရက်တွင် ဦးစန်းတင် ထံသို့ ရောင်းချခဲ့ပြီး၊ ဦးပိုင် (၇၅+၇၆)၊ မြေဧရိယာ(၀.၁၁၀) ဧက အပိုင်းကို ဒေါ်မရန်ဂျာဆိုင်းခေါန် ၁/မကန(နိုင်)၁၀၀၃၃၆ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် (၂၄–၆–၂၀၂၂)ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာအမှတ်(၃၆၉/၂၀၂၂)ကို (၄–၇–၂၀၂၂)ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာ မှတ်ပုံတင် အမှတ်(၂၉၃/၂၀၂၂)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် ( ၅၉၀)၊ မြေကွက်အမှတ် (၂–က)၊ မြေချိန်ဧရိယာ (၃.၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂–ခ)၊ မြေချိန်ဧရိယာ (၁.၆၀၈)ဧက၊ စုစုပေါင်းမြေချိန်ဧရိယာ(၅.၅၃၃) ဧကရှိသည့် ဂရန်မြေ ပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၄)၊ ( ၆ )လွှာ၊ အခန်းအမှတ် (၃)၊ အိပ်ခန်း (၂) ခန်းပါရှိသည့် အကျယ်အဝန်း (၆၀၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No.0093 ဖြင့် ဦးသက်ထက်သန်း(ဘ) ဦးမောင်မောင်သန်း (၁၂/လကန(နိုင်)၁၈၂၁၁၈) မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော အမည်ပေါက် Apartment တိုက်ခန်း ဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိ လက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဦးသက်ထက်သန်း(ဘ) ဦးမောင်မောင်သန်း (၁၂/လကန(နိုင်) ၁၈၂၁၁၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဝါဝါအောင်(LL.B)** | **ဒေါ်သူဇာဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၅၀၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၀၂၀)** |

**၃၃လမ်း၊ ၇၆x၇၇လမ်းကြား၊ ကဥ္စာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း–၀၉–၉၇၇၅၂၁၈၅၉၊ ၀၉–၄၃၆၅၀၀၀၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလောမြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ် - ၂၇

ဒေါ်ခင်မကြီး နှင့် ဒေါ်တင်မြင့်
(တရားလို) (တရားပြိုင်)

အောင်ပန်းမြို့၊ မိုးကောင်းရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ဒေါ်တင်မြင့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မကြီး က ခြံမြေကွက်အရောင်းအဝယ် စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် (၂) ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ငြိမ်းနု)
မြို့နယ်တရားသူကြီး
ကလောမြို့နယ်တရားရုံး

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ Grade-12 (Bio)တန်း မှ မလိုန်နိတ်စန်း ၏ မိခင်အမည်မှန်မှာ ဒေါ်ဟွေ့နိတ်ကိမ် ၄/တဇန(နိုင်)၀၁၉၀၁၂ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဇော်မျိုးဝင်း ၏သား မြစ်ကြီးနားမြို့၊ အထက(၁၁)၊ Grade-12 (STEAMS-1) မှ မောင်ကျော်ကျော်ခန့် ၏ အမည်မှန်မှာ မောင်ကျော်ခန့်ဝင်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးအိုက်အုန်း ၏သမီး မြစ်ကြီးနားမြို့၊ အထက(၁၁)၊ Grade-10 (STEAMS-1) မှ မအီမွန်ဦး ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁-၂၀၀၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးမျိုးမင်းအောင် ၏သား၊ မြစ်ကြီးနားမြို့၊ အထက(၂)၊ Grade-12 မှ မောင်ခန့်ညားအောင် ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၂၀၀၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ မြရတနာလမ်း၊ မြေကွက်ကြီးအမှတ် (၈/၂)၊ အိမ်ရာကွက်ငယ်အမှတ်( T တီ)၊ ဧရိယာပေ(၄၀x၆၀)ရှိ ဒေါ်မြဝေ( HGU-၀၈၈၈၁၃) အမည်ဖြင့် လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ချထားပေးသော မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိချမ်းမြေ့(ဘ)ဦးလှထွန်း (၁၂/ရပသ(နိုင်)၀၇၂၂၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးထွန်း (ဘ)ဦးလိုကျင်ဖုန်(ခ)ဦးကြင်စိန် ၁/ရကန(နိုင်)၀၂၅၁၃၂က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယုယုလွင် (LL.B,D.B.L) (စဉ်-၁၅၇၄၅) (တရားလွှတ်တော်ရှေ့နေ)
မေဃဝတီ(၁)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့ ဖုန်း-၀၉-၇၉၇၆၅၄၂၅၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၉/လှေ့ကူးကွေ့ကြီး)၊ ဦးပိုင်အမှတ် (၁၆-ဃ)၊ ဧရိယ (၀ဒသမ၁၂၉) ဧကရှိမြေ နေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၅၆၈/ ၁၉၉၆ အရ ဒေါ်မိမိမြတ် အမည်ဖြင့် (၅-၈-၁၉၉၆ မှ ၄-၈-၂၀၂၆ ထိ) နှစ်(၃၀)ချထားပေးသော မြေကွက်အား ဦးဝင်းသူ၊ ဒေါ်မေဖြူအောင်တို့ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၈- ၉ -၂၀၂၆) ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၅/အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ် ( ၃၅ )၊ ဧရိယာ( ၀ဒသမ၀၆၃)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၁၄၆/၁၉၉၆ အရ ဦးစောဦးကြိုင် အမည်ဖြင့် ( ၂၀-၃-၁၉၉၈ မှ ၁၉-၃-၂၀၂၈ ထိ) နှစ်(၃၀) ချထားပေးသော မြေအနက်မှ ဦးပိုင်အမှတ်(၃၅(ခ))၊ ဧရိယာ (၀ဒသမ၀၂၇၈)ဧကအား ဒေါ်ခင်ဝင်းလှိုင် အမည်ဖြင့် မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၀-၉-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမည်ပြောင်း

ဦးထွန်းအေး ၏သား၊ ဖားကန့်မြို့နယ်၊ အမက (ဆိုင်းတောင်)၊ Grade-5 မှ စိုင်းပိုင်လင်းထွန်း အား မောင်စိုင်းသီဟအောင် ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

## မိခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ အထက(ခွဲ) သုံးခွကျောင်း Grade-12မှ မနှင်းစုပန် ၏ မိခင် ဒေါ်တင်တင်လှိုင်(ခ) ဒေါ်မော်မော်လွင် ၁၄/ဟသတ(နိုင်)၂၂၇၇၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(အိဖြစ်)ကျောင်း Grade-9 မှ နန်းမြသိင်္ဂီ၏ ဖခင်အမည်မှန်မှာ ဦးရှားကလိုင် ၁၀/ပမန(နိုင်)၁၄၆၃၁၀ ဖြစ်ပါကြောင်း။

ဦးရှားကလိုင်
၁၀/ပမန(နိုင်)၁၄၆၃၁၀

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(သဲကုန်း)ကျောင်း Grade-6 မှ မောင်သူရအောင်နှင့် Grade-3 မှ မောင်ကျော်ကျော်ဝင်း တို့၏ မိခင် အမည်မှန်မှာ ဒေါ်ခင်လှ ၁၀/သထန(နိုင်)၃၃၅၀၈၇ ဖြစ်ပါကြောင်း။

ဒေါ်ခင်လှ
၁၀/သထန(နိုင်)၃၃၅၀၈၇

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8991 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ပ-၈)၊ ဦးပိုင်အမှတ်(၃၁-ခ)၊ မန္တလေး-မတ္တရာမီးရထားလမ်းမျက်နှာပြု၊ ၃၉ x ၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျိုးမင်ချမ်း၏ (SP ရရှိသူ ဒေါ်ရော်လှ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၈၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော် ၁၃/နခန(နိုင်)၀၃၇၁၉၁ က အမှုတွဲအမှတ်(၂၄၀၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မုဒိတာအိမ်ရာ (၁)၊ တိုက်အမှတ် (A208) တိုက်ခန်းအား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လှရွှေစိန် (၁၁/ကတန(နိုင်)၀၀၃၆၁၁) သည် ၎င်းပိုင်ဆိုင်သော အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ အသက်အရွယ်နှင့်သွားလာရန် အခက်အခဲတို့ကြောင့် ရောင်းချခြင်း၊ သက်ဆိုင်ရာရုံးဌာနများတွင် အမည်ပြောင်းလဲခြင်းအပါအဝင်အရပ်ရပ်သော ကိစ္စအဝဝတို့ကို တရားဝင်စီမံဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်ထံသို့အထူးကိုယ်စားလှယ်လွှဲစာ (Special Power) လွှဲအပ်ပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအတွက် အထူးကိုယ်စားလှယ်စာ လွှဲအပ်ပေးခြင်းနှင့် ဦးဝင်းမြင့် (၁၁/ကပန(နိုင်) ၁၁၆၀၄၉) အား အမည်ပြောင်းလဲပေးခြင်းကိစ္စရပ်များအပေါ်ပတ်သက်၍ အဆိုပါတိုက်ခန်းနှင့် ပက်သက်၍ ပိုင်ဆိုင်ခွင့်၊ အခွင့်အရေးရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရဲမြတ်နောင် (LL.B) အထက်တန်းရှေ့နေ (စဉ် -၃၆၄၁၇)
ကန်သာယာစီးပွားရေးစင်တာ ၊၉ လွှာ (အေ)၊ မင်္ဂလာတောင်ညွန့်နယ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၂၀၁၇၃ ၊ ၀၉-၉၈၃၁၂၃၂၃၉

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ အုတ်တွင်းမြို့၊ ပဲခူးလမ်းရပ်ကွက်ရှိ အကွက်အမှတ်၊(၂-က)၊ ဈေးရပ်၊ ဦးပိုင်အမှတ်၊ (၃၀-ခ)၊ မြေဧရိယာ(ပ.၀၅၈)ဧကရှိ လျှောက်ထားမြေ၏ အရှေ့ဘက်လမ်းကြား၊ အနောက်ဘက်တွင် ရန်ကုန်-မန္တလေးကားလမ်း၊ တောင်ဘက်တွင် ဦးပိုင်(၃၀-ဃ)၊ မြောက်ဘက်တွင် ဦးပိုင်(၂၉) အလားလေးရပ်အတွင်းရှိမြေအား ဦးလှမြင့် ၇/အတန(နိုင်)၀၀၉၅၆၇ - ဒေါ်စန်းဝင်း ၇/အတန(နိုင်)၀၀၉၃၉၆)တို့မှ သက်တမ်းတိုးမြေငှားဂရန်ခွင့်ပြုရရှိရေး မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး လျှောက်ထားလာသဖြင့် သတင်းစာတွင် စတင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်နေ့အထိ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးလှမြင့် -ဒေါ်စန်းဝင်းတို့အား သက်တမ်းတိုးမြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အုတ်တွင်းမြို့

## Tin Maung အမည် Facebook Account ပိုင်ရှင်၏ (၅- ၉- ၂၀၂၆)ရက်တွင် ပြည်မြို့သတင်း၌ ရေးသားခဲ့သောပို့စ်နှင့် ၎င်းပို့စ်အား ထောက်ခံရေးသား(Comment)ပေးသူများ သိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၇၅)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိန် (၁၂/လသန(နိုင်)၀၁၂၉၇၄)၏ လွှဲအပ်ညွှန်ကြားချက်အရ ပြည်မြို့သတင်း၊ Tin Maung အမည်ဖြင့် Facebook Account ပိုင်ရှင်၏ ရေးသားဖော်ပြချက်များနှင့် အဆိုပါဖော်ပြချက်များအပေါ် မှတ်ချက် (Comment) ဝင်ရောက်ရေးသား ထောက်ခံသူများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိန်သည် ပြည်မြို့၊ အထက်ပါလိပ်စာ၌ ဇနီး၊ သားသမီးများနှင့်အတူ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် "စိန်"စတိုးအမည်ဖြင့် အဝတ်အထည်များကို လက်လီလက်ကား ရောင်းချသည့်စတိုးဆိုင် ဖွင့်လှစ်ထားရှိပြီး၊ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း၌ နာမည်ဂုဏ်သတင်းကောင်းဖြင့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။

ပြည်မြို့သတင်း၌ (၅-၉-၂၀၂၆)ရက်တွင် Tin Maung အမည်ဖြင့် Facebook Account ပိုင်ရှင်သည် လူမှုကွန်ရက် Facebook စာမျက်နှာပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိန်၏လုပ်ငန်း၊ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာကျဆင်းစေမည့် အကြောင်းအရာများကို မဟုတ်မမှန်၊ မမှန်ကန်သော အရေးအသားများဖြင့် ရေးသားဖြန့်ဝေခဲ့သည့်အပြင် အဆိုပါရေးသားဖော်ပြမှုအောက်၌ "သိန်းနိုင်"အမည်ဖြင့် မဟုတ်မမှန်ထောက်ခံဖော်ပြခဲ့သည့် မှတ်ချက်(Comment)တို့ ရေးသားထားကြောင်း တွေ့ရှိခဲ့ရပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိန်သည် ပဲခူးတိုင်း(အနောက်ခြမ်း)နှင့် စီးပွားရေးဆက်သွယ်ရာမြို့များတွင် မည်သည့်အခါကမျှ နာမည်ပျက်သတင်းမရှိခဲ့ဘဲ အဝတ်အထည်ပစ္စည်းများကိုသာ ကောင်းသောဂုဏ်သတင်းဖြင့် ရောင်းဝယ်လုပ်ကိုင်နေသည့် လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး အဆိုပါရေးသားဖော်ပြချက်များကြောင့် ဦးသန်းစိန်သည် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း များတွင်သော်လည်းကောင်း၊ သားသမီးများနှင့်ပတ်သက်သည့် အသိုင်းအဝိုင်းများတွင်သော်လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေ ပတ်ဝန်းကျင် အသိုင်းအဝိုင်းများတွင်သော်လည်းကောင်း ကိုယ်စိတ်နှစ်ပါးညှိုးနွမ်းရပြီး ဂုဏ်သရေများစွာ ထိခိုက်နစ်နာခဲ့ရပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိန်၏ နာမည်ဂုဏ်သတင်းနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာဆုံးရှုံးစေရန်ရည်ရွယ်၍ ပြည်မြို့သတင်း၊ Facebook လူမှုကွန်ရက်တွင် Public တင်၍ ရေးသားဖော်ပြခဲ့သည့် Tin Maung အမည် Facebook Account ပိုင်ရှင်အနေဖြင့် ယင်းပို့စ်အား ပယ်ဖျက်/ဖျက်သိမ်းပေးရန်နှင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိန်၏ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းစေမည့် သတင်းများကို အခြားမည်သည့် လူမှုကွန်ရက်စာမျက်နှာများတွင်မဆို ဆက်လက်ရေးသားဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းစိန်
(လွှဲအပ်ညွှန်ကြားသူ)

ဦးသန်းစိန်(စိန်-စတိုး)၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်သူဇာဦး
(တရားလွှတ်တော်ရှေ့နေ)
အမှတ်(၄၁၀-က)၊ တီကျစ်ဆုံလမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ ပုလဲလမ်း၊ မြေကွက်အမှတ်(၃၂၀/က) ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၂၀ x ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းသိန်း(ခ)ဦးမျိုးနိုင် (၁၂/ပဇတ(နိုင်)၀၂၅၇၀၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးနိုင် (၇/လပတ(နိုင်)၁၁၇၀၀၆)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာ(၂)၊ မြေကွက်အမှတ် (၁၅၃) ဟုခေါ်တွင်သော အလျား x အနံ ပေ(၄၀x၆၀)အကျယ်ရှိ ဦးခေတ်အောင် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဇာနည်စစ်နိုင်(ဘ) ဦးကြည်ဝင်း (၁၂ / သလန (နိုင်) ၁၀၄၄၂၇) ထံမှကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းသန်း (ဘ) ဦးအောင်သန်း (၁၂/တမန(နိုင်) ၀၀၀၂၈၁)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးဇာနည် | ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင် | ဒေါ်ခင်သီတာမြင့်အောင် |
| (LL. B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈) | (LL. B, DIPL) (စဉ်-၁၈၇၂၆) | (LL.B, DBL) (စဉ်-၂၀၀၇၈) |

တရားလွှတ်တော်ရှေ့နေများ
ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ သုနန္ဒာ(၆)လမ်း၊ တိုက်အမှတ်(586 $\frac{1}{2}$ )၊ အခန်းအမှတ်-(မြေညီထပ်)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်တင်မျိုးဆက် (၁၂/ဥကမ(နိုင်)၀၀၃၂၆၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖူးပွင့်သော် (၁၂/ဒဂရ(နိုင်)၀၃၄၁၆၀)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) | ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) | ဒေါ်သိမ့်သဉ္ဇလီ (LL.B, LL.M)(စဉ်-၅၆၈၈၇) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/86205, Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုကို ၉/မနမ(နိုင်) ၀၁၆၈၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/42166, Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လှဲ ၉/ပကခ(နိုင်) ၀၀၃၂၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/76760, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်မော် ၁၄/မအပ(နိုင်)၂၅၃၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/84028, New Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာချို ၁၄/ပသန(နိုင်) ၁၅၁၂၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/61477, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွေး ၁၃/ညရန(နိုင်) ၀၆၃၆၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ရှမ်းပြည်နယ်ရုံး
(တောင်ကြီး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၇-၂၀၂၈ ပညာသင်နှစ်တွင် တက်ရောက်မည့် အခြေခံပညာဦးစီးဌာန အောက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် ခဲတံနှင့်ဘောလ်ပင်များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါ စတင်ရောင်းချမည့်ရက်** - (၁၇-၉-၂၀၂၆)ရက်မှ (၁-၁၀-၂၀၂၆)ရက်ထိ **(ရုံးချိန်အတွင်း)**

**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - (၁-၁၀-၂၀၂၆)ရက် ညနေ(၄:၃၀)နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါကလူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မန္တလေးတိုင်းဒေသကြီး
## မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့်၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာ ဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ခရိုင်/မြို့နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဖုန်း - ၀၉-၂၀၁၈၃၅၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) **လျှောက်လွှာရောင်းချမည့်ရက်** - ၁၇-၉-၂၀၂၆ရက်

(ခ) **လျှောက်လွှာပိတ်မည့်ရက်** - ၃၀-၉-၂၀၂၆ ရက်

(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**

## အောင်စကြာရတနာဓာတ်နန်း
## အမှန်ဟော ဆရာစကြာအောင်ပွင့်ခေါင်
## မနောဗေဒပညာ

နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၂:၀၀)နာရီ

အမှတ် (၉၅၆)၊ ယဿဝတီ( ၁၂)လမ်း၊

(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၉-၂၅၀၅၀၄၁၄၄၊

၀၉-၇၃၁၅၆၀၆၁၊ ၀၉-၂၅၂၆၀၀၅၆၇

တစ်နေ့ (၁၀)ဦးသာ ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

## ဖခင်အမည်မှန်

ဒဂုံတောင်မြို့နယ်၊ ရွှေပြည်စိုး ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 ကျောင်းသား မောင်ဇင်ရဲထက်၏ ဖခင် ဦးကိုလေး၏ အမည်မှန်မှာ ဦးမြင့်သောင်းဇော် ၈/မတန(နိုင်)၀၄၂၆၈၃ ဖြစ်ပါကြောင်း။

**ဦးမြင့်သောင်းဇော်**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ အထက(ခွဲ) အထက်ပိုင်ကျုံကျောင်း Grade-12 အတန်းမှ နန်းသန္တာအေးဝင်း ၏ မိဘအမည်မှန် မှာ ဦးစောရွှေထွန်း ၃/ပကန(နိုင်)၀၀၁၀၅၄နှင့် ဒေါ်နန်းမူးမူး ၃/ပကန(နိုင်)၀၀၁၀၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အထက (ရသစ်) Grade-12တွင် ပညာသင်ကြားနေသော မသင်းယုလှိုင် ၏ ဖခင်အမည်မှန်မှာ ဦးဘိုဆန်း ၉/တသန(နိုင်) ၁၃၆၆၂၉ ဖြစ်ပါကြောင်း။

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ သစ်လွင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12တွင် ပညာသင်ကြားနေသော (ဘ)ဦးဝင်းတင် ၉/ မခန(နိုင်) ၁၇၁၂၄၁ ၏ သမီးအမည်မှန်မှာ မမြတ်နိုးထက် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဦးမြသိန်း ၏သမီး အထက(မာလေးကွင်း) Grade-12 မှ မအိမြတ်လင်း ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၀-၂၀၀၇ ဖြစ်ပါကြောင်း။

**မအိမြတ်လင်း**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အလက (၃)၊ Grade-9 မှ (ဘ) ဦးအောင်မျိုးဝင်း၏သမီး မဝတ်မှုံပန်းမြတ်အောင်၏ အမည်မှန်မှာ မဝတ်မှုန်ပန်းမြတ်အောင် ဖြစ်ပါကြောင်း။

**မဝတ်မှုန်ပန်းမြတ်အောင်**

## မိဘအမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ Myanmar Education Centre (MEC) Private School Grade-4 တွင် ပညာသင်ကြားနေသော မမြတ်ဖူးမွန်၏ မိဘအမည်မှန်မှာ ဦးနေလင်းထက် (၁၂/ထတပ(နိုင်)၁၁၀၇၁၇)နှင့် ဒေါ်ယုယုခိုင် (၁၂/မဂဒ(နိုင်) ၁၄၈၄၄၅)တို့ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဦးနေလင်းထက်-ဒေါ်ယုယုခိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၂၀၇၈-က)၊ အုပ်ရစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ် (၇၉)၊ မြေဧရိယာ(၀.၀၉၅)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးအောင်နိုင်ဝင်း ၉/ကပတ(နိုင်)၁၄၂၆၆၉၊ ဒေါ်တင်လှအေး ၉/ကပတ(နိုင်)၀၀၅၂၄၆ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၅)၊ လွတ်လပ်ရေးလမ်း၊မြေကွက်အမှတ်(၇၅၅) ဟုခေါ်တွင်သော ဒေါ်မာလာမြင့်(စာအမှတ် - ၁၂၁၈)(5.3.2014)ပါမစ်မူရင်းအမည်ပေါက် ပေ (၄၀x၆၀) မြေကွက်၏ တရားဝင်မခွဲစိတ်သေးသော ပေ (၁၀x၆၀) မြေကွက်မှမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းကိုယ်တိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ယဉ်မင်းသန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ထွန်းမှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၇/ပစ္ဆိမာရုံရပ်)၊ ဦးပိုင်အမှတ် (၅/၂၉)၊ မြေကွက်အမှတ် (197/432)၊ ဧရိယာ ၀ ဒသမ ၀၆၄ ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၃၀-၁၁-၂၀၁၆ ရက်စွဲပါ အမှုတွဲအမှတ် (၃၇၇/၂၀၁၆) အရ နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန်အား ဒေါ်သန်းသန်းနော်အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ဒေါ်သန်းသန်းနော် ထံမှ ဒေါ်ဇာနီဝင်းရွှေ သည် မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ကလောမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂-၇-၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ် (၁၄၃/၂၀၂၆)အရ မှတ်ပုံတင်ထားရှိပြီးဖြစ်သဖြင့် ဒေါ်ဇာနီဝင်းရွှေ (၁၃/ကလန(နိုင်)၁၀၃၆၀၈) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်သားမြို့နယ်၊ အမက မြင်းခြံကုန်းကျောင်းမှ ဒေါ်ဖြူဖြူမြင့် (ဒု-မူလတန်းပြ) ၉/မသန(နိုင်)၁၄၁၆၂၇ ၏ဖခင် ဦးဘိုဝနှင့် ဦးထွန်းအောင် မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဘိုဝ(ခ)ဦးထွန်းအောင်**

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ အမက-ရိုးကန်ကျောင်းမှ ဒေါ်ချိုမွေး (ဒု-မူလတန်းပြ) ၉/မသန(နိုင်) ၁၄၀၇၂၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၂-၁၉၉၁ ဖြစ်ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်ရပ်နေ ဒေါ်မြယမင်းခင်(ဘ)ဦးဝင်းအောင်၊ ၉/မထလ(နိုင်)၂၇၂၉၂၁ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မြယမင်းခင်နှင့် Saw Nge Isue တို့သည် လွန်ခဲ့သော ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ မင်္ဂလာလက်မှတ်ရေးထိုးခြင်း၊ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားခြင်းများ ပြုလုပ်ခဲ့ကြပြီး ယနေ့အချိန်အထိ တရားဝင်ပေါင်းသင်းနေထိုင်ကြခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြယမင်းခင်** | **ဦးမျိုးမြင့်အောင်(LL.B, LL.M)** |
| **(ဘ)ဦးဝင်းအောင်** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၈၅)** |
| **၉/မထလ(နိုင်)၂၇၂၉၂၁** | **၁x၂ လမ်းကြား၊ ပြည်သာယာတောင် မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၂၀၀၁၅၅** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်ရပ်နေ ဒေါ်မြယမင်းခင်(ဘ)ဦးဝင်းအောင်၊ ၉/မထလ(နိုင်)၂၇၂၉၂၁ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ဒေါ်မြယမင်းခင်သည် ၎င်းအသုံးပြုလျက်ရှိသော Facebook Account အမည်မှာ Mya Yamin Khin အမည်ဖြင့် မူလ Facebook Account စတင်ဖွင့်လှစ်သုံးစွဲစဉ်ကတည်းက ယနေ့အချိန်အထိ သုံးစွဲလျက်ရှိသော Account ဖြစ်ပါသည်။ ယခုအချိန်တွင် Yan Yan အမည်ဖြင့် သုံးစွဲနေသော Facebook Account မှာ ဒေါ်မြယမင်းခင်၏ Facebook Account မဟုတ်ဘဲ ဒေါ်မြယမင်းခင်၏ ပုံဖြင့်အတုအပပြုလုပ်ထားသော Facebook Account ဖြစ်ပါသည်။ Yan Yan Facebook Account အမည်ဖြင့် ဥ ပဒေနှင့်မလွတ်ကင်းသည့်ကိစ္စများပြုမူဆောင်ရွက်ခြင်း၊ အခြားသူများထံသို့ ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်း၊ ချေးငှားခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ လိမ်လည်ခြင်းများပြုလုပ်ခဲ့ပါက ဒေါ်မြယမင်းခင်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြယမင်းခင်** | **ဦးမျိုးမြင့်အောင် (LL.B, LL.M)** |
| **(ဘ)ဦးဝင်းအောင်** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၈၅)** |
| **၉/မထလ(နိုင်)၂၇၂၉၂၁** | **၁x၂ လမ်းကြား၊ ပြည်သာယာတောင်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၂၂၀၀၁၅၅** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သာကေတမြို့နယ်၊ ၇-အရှေ့ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် (၉၄-A/ခ)၊ (၅)လွှာ နေ (ဘ) ဦးစိုးနိုင် (၁၂/သကတ(နိုင်) ၁၄၆၃၈၈)၊ (အမိ) ဒေါ်သင်းသင်းနွယ် (၁၂/သကတ(နိုင်)၀၈၀၄၃၃) တို့၏ သားဖြစ်သူ ဦးကျော်စွာထွန်း (၁၂/သကတ(နိုင်)၁၉၁၆၉၄)သည် မိဘ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် သားဖြစ်သူ ဦးကျော်စွာထွန်း နှင့် ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေးအရှုပ်အရှင်း တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးစိုးနိုင် (၁၂/သကတ(နိုင်)၁၄၆၃၈၈)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၉)၊ ဦးပိုင်အမှတ်(၈၀)၊ ၄၂လမ်း၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖေသိန်းတင် ၏ (SP ရရှိသူ ဒေါ်ခင်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၄၇၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သဇင် ၁၃/ကခန (နိုင်) ၀၁၈၇၅၇ က အမှုတွဲအမှတ်(၂၄၀၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

